ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်၊ တနင်္လာနေ့၊ (13-3-2006) (၄၇၉၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီးများနှင့် ဘွဲ့ခံသီလရှင် ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်နှင့် ၎င်းတို့၏ ဇနီးများ၊

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ✻

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၁၃-၃-၂၀၀၆
(တနင်္လာနေ့)

တပေါင်းလပြည့် ထူးမြတ်သော အခါသမယနေ့ ဒါနသီလဘာဝနာ ဆောက်တည်ပွားများ

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ တပေါင်းလပြည့် ထူးမြတ်သော အခါသမယနေ့ဖြစ်သည်။

ဗုဒ္ဓဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုတွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးကာ အင်္ဂတိုင်းသားနှင့် မာဂဓ တိုင်းသားများအား တရားရေအေး တိုက်ကျွေးလျက်ရှိစဉ် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ဘုရားရှင်အား ပင့်ဆောင်ရန် ကာဠုဒါယီ အမတ်ကြီးအား စေလွှတ်ခဲ့သည်။

ကာဠုဒါယီအမတ်ကြီးက ဘုရားရှင်အား တပေါင်းလပြည့်နေ့တွင် တပေါင်းလ၏ သာယာပုံတို့ကို ဂါထာပေါင်း ၆၄ ဂါထာ သီကုံး၍ ဖွားတော်မူရာဇာတိ ကပိလဝတ် နေပြည်တော်သို့ ကြွချီပါရန် လျှောက်ထားခဲ့သည်။

မြတ်စွာဘုရားရှင်သည် တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွချီတော်မူပြီး ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် ကျွေးမိခင်ဂေါတမီတို့အား ကျေးဇူးဆပ်တရား ဟောကြားတော်မူခဲ့ပေသည်။

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည်မှ ကြွချီတော်မူချိန် တပေါင်းလ အခါသမယသည် ဆောင်းအကုန် နွေအကူး နွေဦးအစလဖြစ်၍ ဆောင်းနှင့်နွေ နှစ်ထွေအလှတို့ ရောနှောလျက်ရှိသည်။ မအေးလွန်း မပူလွန်းသော ရာသီကာလ ဖြစ်သည်။

မြောက်ပြန်လေကြွင်းနှင့် ဆီးနှင်းတို့ မကုန်တတ်သေးဘဲ မင်းလွင် မြူခိုးတို့ ရစ်သိုင်းစပြုနေသည့် နွေဦးကာလ တပေါင်းလ အခါသမယ သည် ဥသြတွန်သံ၊ လင်းပြာသံတို့နှင့်အတူ သာယာကြည်နူးဖွယ် ကောင်းလှသည်။

တပေါင်းလတွင် ရာသီပန်းများဖြစ်သည့် အင်ကြင်းပန်းနှင့် သရဖီ ပန်းတို့ ပွင့်ကြသည်။ စန်းယှဉ်နက္ခတ်မှာ ဥတ္တရာဘရဂုဏ်ဖြစ်ပြီး ငါးအရုပ်ဖြင့် သရုပ်ပြသော မိန်ရာသီဖြစ်သည်။

တပေါင်းလ၏ ရာသီပွဲတော်မှာ သဲပုံစေတီပွဲတော်ဖြစ်သည်။ တပေါင်းလတွင် မြစ်များ၊ ချောင်းများ ရေစစ်ကာ သဲသောင်ပြင်များ ဖြစ်ထွန်းနေမှုကြောင့် ရှေးအခါက သဲသောင်ပြင်များတွင် သဲများကို စုပုံ၍ စေတီအသွင်ပြုကာ သဗ္ဗညုတမြတ်စွာဘုရားအား ရည်မှန်း ပြီး ပူဇော်ပွဲများ ကျင်းပကြခြင်းဖြစ်သည်။

ယခုကာလတွင် စေတီပုထိုးများ၌ ဗုဒ္ဓပူဇနိယပွဲတော်များကို ကျင်းပကြသည်။ ထေရဝါဒဗုဒ္ဓသာသနာထွန်းကားရာ မြန်မာနိုင်ငံ တွင် အလှူရေစက်လက်နှင့်မကွာ ကုသိုလ်ကောင်းမှု ဒါနပြု၍ ဘုရား၊ ကျောင်းကန်များသို့ သွားရောက်ကာ ဒါန၊ သီလ၊ ဘာဝနာ ဆောက်တည်ပွားများလျက်ရှိကြသည်။

နိုင်ငံတော် အစိုးရသည် ဗုဒ္ဓသာသနာတော်မြတ်ကြီးနှင့် ပရိယတ်၊ ပဋိပတ်တာဝန်များကို ထမ်းဆောင်တော်မူလျက် ရှိကြသည့် ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် သာသနာ့ ဝန်ထမ်းပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းဆန်တော်လောင်းလှူခြင်းတို့ကို ထူးမြတ် သည့် တပေါင်းလအခါသမယတွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပလျက် ရှိသည်။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့သည် ထူးမြတ် သည့် တပေါင်းလပြည့် အခါသမယနေ့တွင် မြတ်ဗုဒ္ဓ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်အနန္တကို အဖန်ဖန်အောက်မေ့ခြင်းဟူသည့် ဗုဒ္ဓါ နုဿတိ ဘာဝနာတရားများ ပွားများအားထုတ်ခြင်းဖြင့် ကိုယ်စိတ် နှစ်ဖြာ ချမ်းသာသုခရရှိနိုင်ကြမည်ဟု ကြေးမုံကယုံကြည်ပါသည်။ ။

ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၂

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)က ကြီးမှူး၍ ဘွဲ့တံဆိပ်တော်ရ မွန်ဆရာတော်ခြောက်ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦးအား တပေါင်းလပြည့်ကျော် ၁ ရက် (မတ် ၁၄ ရက်) (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ မွန်ဓမ္မာရုံ၌ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်း ဆောင်ရွက်ရေး၊
၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊
၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊
၄။ ဒို့တာဝန်အရေးသုံးပါးကိုကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည် ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊

ရှုချင်စဖွယ် အမျိုးသားယဉ်ကျေးမှုကဏ္ဍ လူသစ်တန်းပထမ

ရန်ကုန် မတ် ၁၂

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် တပ်မတော်နေ့ အထိမ်း အမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ **"ရှုချင်စဖွယ် အမျိုးသားယဉ်ကျေးမှုကဏ္ဍ"** လူသစ်တန်းပြိုင်ပွဲတွင် တက္ကသိုလ်ဟန်မင်းဦးက ပထမဆုကို ဆွတ်ခူးရရှိခဲ့သည်။

ဆုရရှိသူက ၎င်း၏ ဆုရဓာတ်ပုံမှာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ကချင်ရိုးရာ မနောပွဲတော် ကျင်းပနေစဉ်တွင် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း၊ ဓာတ်ပုံရိုက်ကူးနိုင်ရန်အတွက် ကချင်ရိုးရာ စာပေနှင့်ယဉ်ကျေးမှုကော်မတီက ကူညီပံ့ပိုးမှုများပေးခဲ့ကြောင်း၊ တိုင်းရင်းသားတို့၏ ရိုးရာပွဲတော်ဓာတ်ပုံဖြင့် ဆုရရှိခဲ့ခြင်းဖြစ်၍ ဝမ်းမြောက်ပီတိဖြစ်မိပါကြောင်း ကြေးမုံသို့ပြောကြားသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

မတ် ၈ရက်က ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရေကြောင်းဌာန၏ သင်္ဘောသားအကူ (လူသစ်)အခြေခံသင်တန်း(၁/၂၀၀၆)ဖွင့်ပွဲတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် အမှာစကားပြောကြားစဉ်။
(ပို့ဆောင်ရေး)

ယဉ်ကျေးလိမ္မာ အထူးတရားပွဲ

ရန်ကုန် မတ် ၁၂

ရန်ကုန်မြို့ ပုဇွန်တောင် မြို့နယ် ရွှေဘုန်းပွင့် စေတီတော် ရင်ပြင်တွင် တရားပွဲအလှူရှင် ဦးကျော်မြင့်-ဒေါ်စမ်း စမ်းမြင့်၊ သား မောင်ကျော်မင်းသန်း မိသားစု၏ ယဉ်ကျေးလိမ္မာ ကလေး အထူးတရားပွဲကို ကျင်းပမည် ဖြစ်ရာ မတ် ၂၃ ရက်၌ အရှင်ဇဝန(မေတ္တာ ရှင်)၊ ၂၄ရက်၌ အရှင်အာစာရ လင်္ကာရ (စစ်ကိုင်းရွှေဟသ်ာ)၊ ၂၅ ရက်၌ အရှင်ရာဇိန္ဒ (ရဝေနွယ်၊ အင်းမ)နှင့် ၂၆ရက်၌ ဓမ္မဒူတအရှင် ဆေကိန္ဒတို့က ညစဉ် ၆ နာရီမှစ၍ တရားတော်များ ဟောကြားကြမည် ဖြစ်သည်။ (က-ပ)

အစားအစာနှင့် ဓာတုပစ္စည်းအန္တရာယ်

ယနေ့ခေတ်သည် အစစအရာရာ ဖွံ့ဖြိုးတိုးတက်နေသည်။ ထို့အတူ လူဦးရေသည်လည်း တိုးပွားများပြားနေသည်။ များပြားလာသည့်လူဦးရေ၏ လိုအပ်ချက်များ ပြည့်မီရန်အတွက် လူသားတို့သည် အမြဲတီထွင်ကြံဆ လုပ်ဆောင်နေရသည်။ စားရေးသောက်ရေး လုံလောက်စေရန်အတွက် သမားရိုးကျ စိုက်ပျိုးမွေးမြူရေးမှသည် ခေတ်မီစိုက်ပျိုးမွေးမြူရေးသို့ ဖန်တီးလုပ်ကိုင်လာကြသည်။ စိုက်ပျိုးရေးလုပ်ငန်း၊ သားငါး၊နို့၊ ဥစား မွေးမြူရေး လုပ်ငန်းများတွင် ပံ့ပိုးပစ္စည်းများ သုံးလာကြသည်။

သဘာဝစိုက်ပျိုးမွေးမြူရေးထက် အထွက်တိုးပိုမိုစေရန်၊ မြန်မြန် ကြီးထွားစေရန်၊ အထားအသိုတာရှည်ခံစေရန်အတွက် ဓာတုဗေဒပစ္စည်း များကို အားထားသုံးစွဲလာကြသည်။ မှိုသတ်ဆေး၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ကြီးထွားဆေး၊ ဓာတ်မြေသြဇာ စသည်တို့ဖြစ်သည်။ ယင်းတို့သုံးစွဲ၍ အထွက်တိုးစေပါ၏။ ကြီးထွားစေပါ၏။ သို့ရာတွင် မြန်မာ့ဆိုရိုးစကားရှိသည်၊ "တန်ဆေး၊ လွန်ဘေး"ဖြစ်သည်။ ယနေ့ ချိန်ခါ၌ အချို့မှာ သဘာဝမဟုတ်သည့် ဓာတုပစ္စည်းမျိုးစုံကို စည်းကမ်း တကျမရှိ၊ အတိုင်းအဆမရှိ သုံးစွဲနေကြသည်။ သုံးစွဲနည်းမှန်ကန်မှုမရှိလျှင် ဘေးအန္တရာယ် ကြီးမားလှသည်။ ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို တင်ပြလို ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း၃၀ခန့်က ကျွန်တော်သည် ရေဇင်းဆည် တည်ဆောက်ရေးတွင် ကျန်းမာရေးမှူးတာဝန် ထမ်းဆောင်နေပါသည်။ ရေဇင်းတစ်ဝိုက်တွင် စပါး၊ ကြံ၊ ဟင်းသီးဟင်းရွက် စိုက်ပျိုး ကြသည်။ တစ်နေ့တွင် ဇနီးဖြစ်သူက ကန်စွန်းရွက်ဝယ်လာသည်။ လူကြီးစာအပြင် ကလေးအတွက်ပါ စီစဉ်သည်။ သားငယ် အသက် ကိုးလသားအတွက် ဖြည့်စွက်စာအဖြစ် ငါးပြုတ်၊ ပဲနှင့် ကန်စွန်းရွက်ကို ရောနှောစီစဉ် ကျွေးလိုက်သည်။ တစ်နာရီလောက်အကြာတွင် သားငယ်လေး အန်တော့သည်။ ဗိုက်ကလည်း နာလာသည်။ ဆေးလူး ဆေးတိုက်ဆဲ မှာပင် ဝမ်းသွားတော့သည်။ ဆက်တိုက်အန်လိုက်၊ ဝမ်းသွားလိုက်နှင့် ပိုမိုဆိုးရွားလာသဖြင့် ပျဉ်းမနားဆေးရုံ ပို့ရသည်။ ဆေးရုံတွင် ဒေါက်တာ ဦးတင်ဝင်းနှင့်အဖွဲ့က မနေမနား ကုသပေးကြပြီး အန်ဖတ်ကို ဓာတ်ခွဲ စစ်ဆေးခဲ့ရာ ပိုးသတ်ဆေး အင်ဒရင်းကို တွေ့ရှိရသည်။ ကန်စွန်းခင်းကို ပိုးမကျရန် ဆေးဖျန်းပြီး နှစ်ပတ်ခန့် မစောင့်ဘဲ စောစောရောင်းချသည့် အတွက် နုနယ်သည့် ကလေးငယ် ခံနိုင်ရည်မရှိသဖြင့် ဒုက္ခတွေ့ရခြင်းဖြစ် သည်။ ကန်စွန်းရွက်ကို အထပ်ထပ် ဆေးကြောခဲ့၍သာ ဤမျှနှင့် ပြီးခဲ့သည်။

စာတွေ့အဖြစ်အပျက်ကလေး တစ်ခုကိုလည်း ထပ်မံတင်ပြပါဦးမည်။ အမေရိကန်နိုင်ငံသားလေး ဘီလီကော်ဒိုဘာ ရှစ်နှစ်အား မိခင်ဖြစ်သူက မွေးနေ့လက်ဆောင်အဖြစ် ဂျင်းဘောင်းဘီ ငါးထည် ဝယ်ပေးသည်။ ဘီလီက ဂျင်းဘောင်းဘီ ကြိုက်သည်။ မိခင်ဝယ်ပေး သည့်နေ့မှစ၍ မချွတ်တမ်းထည်လဲဝတ်သည်။ ဂျင်းဘောင်းဘီဝတ်စက ဘီလီမျက်နှာ ပြုံးရွှင်နေသည်။ နောက်ပိုင်းတွင် ဘီလီမျက်နှာမရွှင်၊ အသားအရေက ဖြူဖပ် ဖြူရော်ဖြစ်လာသည်။ ခေါင်းမူးလိုက်၊ ခေါင်းကိုက်လိုက်၊ ဗိုက်နာလိုက် ဖြစ်လာသည်။ အသွားအလာ လေးလံနှေးကွေးလာသည်။ ဘီလီ၏ အရိပ်အခြည်ကို ဂရုစိုက်စောင့်ကြည့်နေစဉ် ဘီလီသည်

ဓာတုဗေဒပစ္စည်းများ ဖြစ်ကြသည့် ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေး၊ ဓာတ်မြေသြဇာအမျိုးမျိုး၊ ကြီးထွားဆေး အမျိုးမျိုး တို့သည် လူ့ကိုယ်ခန္ဓာတွင်းသို့ ခံနိုင်ရည်ရှိသည်ထက် ပိုမိုဝင်ရောက် သွားပါက ဦးနှောက်၊ အာရုံကြော၊ အသည်း၊ ကျောက်ကပ်၊ နှလုံး၊ အရေပြားတို့ကို ချက်ချင်းပျက်စီးစေသည်။

သွားရည်မကျစဖူး ကျလာသည်။ အသက်ရှူမြန်ပြီး အဖျားဝင်လာသည်။ မိသားစုဆရာဝန် ဒေါက်တာ ရောဘတ်လန်းဖို့ထံ သွားပြရတော့သည်။ မိသားစုဆရာဝန်က ကြိုးစား ကုသပေးသော်လည်း သက်သာမလာ သဖြင့် ကလေးအထူးကု ပါရဂူ ဒေါက်တာဂျွန်ပီ ကွန်းရက် ဂျူနီယာထံ လွှဲအပ်ပေးလိုက်သည်။

မိသားစုဆရာဝန်၏ ဆေးမှတ်တမ်း၊ လူနာ၏ ရောဂါလက္ခဏာ များကို အခြေတည်ပြီး ပါရဂူကြီးက အသေးစိတ်စစ်ဆေး၍ တွေ့ရှိရသည် မှာ ဘီလီ၏ဂျင်းဘောင်းဘီမှာ အထည်သစ်များ ဈေးလျှော့ချရောင်းသည့် ဆိုင်မှ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး စတိုးဆိုင်သို့ ဂျင်းဘောင်းဘီ သယ်ယူစဉ်က ပိုးသတ်ဆေးစည်များနှင့် ရောသယ်ခဲ့ကြောင်း တွေ့ရှိရသည်။ ဆေးစည်မှ ပိုးသတ်ဆေးစိမ့်ထွက် စွန်းပေသွားသည့်အတွက် ဘောင်းဘီများ ပေကျံ ကုန်ခြင်း ဖြစ်သည်။ ကံကောင်းထောက်မ၍ ဘီလီလေး အသက် မသေခြင်းဖြစ်သည်။

နိုင်ငံတကာတွင် ဓာတုဗေဒပစ္စည်းများကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေးအတွက် အသုံးများသည့် ပိုးသတ်ဆေးအဖြစ် ဩဂနိုကလိုရင်းအုပ်စုဝင် အင်ဒရင်း(Endrin)၊ အော်ဒရင်း(Aldrin)၊ လင်ဒိန်း(Lindane)၊ ဒိုင်ဒရင်(Dieldrin)၊ ဒီဒီတီ(DDT)ဆေးများသုံးနေကြသည်။ ထို့အပြင် ဩဂနိုဖော့(စ်) ပရပ် (Organo Phosphorus)အုပ်စုဝင် ဖင်နီထရိုသီယွန် (Fanitrothion)၊ မာလာသီယွန်(Malathion)၊ ဖင်သီယွန် (Fanthion)၊ ဖော့(စ်)မက် (Phosmet)စသည့် ပိုးသတ်ဆေးများ သုံးစွဲနေကြသည်။ ပေါင်းသတ်၊ ခြ၊ ပုရွက်၊ ကြွက်သတ်ဆေးများ အနေနှင့်လည်း ပါရာကွက် (Paraquat)၊ အာဆင်းနစ်ထရိုင်အောက်ဆိုက် (Arsenic Trioxide)စသည့် ဆေးများသုံးနေသည်။ ဓာတ်မြေသြဇာအဖြစ် ယူရီးယား၊ တီစူပါ၊ကြီးထွား ဆေး၊ ဟော်မုန်းများစွာကိုလည်း သုံးစွဲနေကြသည်။

တင်လှိုင် (ကျန်းမာ)

ဓာတုဗေဒပစ္စည်းများ ဖြစ်ကြသည့် ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေး၊ ဓာတ်မြေသြဇာအမျိုးမျိုး၊ ကြီးထွားဆေး အမျိုးမျိုး တို့သည် လူ့ကိုယ်ခန္ဓာတွင်းသို့ ခံနိုင်ရည်ရှိသည်ထက် ပိုမို ဝင်ရောက် သွားပါက ဦးနှောက်၊ အာရုံကြော၊ အသည်း၊ ကျောက်ကပ်၊ နှလုံး၊ အရေပြားတို့ကို ချက်ချင်းပျက်စီးစေသည်။ နိုင်ငံတကာတွင် ဓာတုဗေဒ ပစ္စည်းနှင့်ကင်းစင်သည့် အစားအစာဆို၍ မရှိသလောက် ရှားပါးနေသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင်မူ ဓာတုဗေဒပစ္စည်းကင်းစင်သော အစားအစာများကို ဦးစားပေးစားသောက်နေကြသည်။

ယနေ့ မြန်မာ့လူမှုတွင် အသီးအရွက်ဆို သန်သန်ထွားထွား၊ အရောင်အဆင်းဆို တောက်တောက်ပြောင်ပြောင် ကြိုက်နှစ်သက်ကြသည်။ ဥပမာ–မျှစ်၊ ငရုတ်သီး၊ နနွင်းမှုန့်။ မျှစ်၏ ပင်ကိုအရောင်က နီကျင်ကျင်၊ ဝါတာတာဖြစ်သည်။ စားသုံးသူက အရောင်ဖျော့သည်ကို မကြိုက်၊ နီရဲနေမှ၊ ဝါဝင်းနေမှကြိုက်သည်။ ထိုအခါ ဈေးသည်က ချည်ဆိုးဆေးနီနီ၊ ဝါဝါဆိုးပေးလိုက်သည်။ ငရုတ်သီးမှုန့်၊ နနွင်းမှုန့်လည်း ထိုနည်းတူစွာပင်၊ အရောင်ရဲရဲ၊ ဝါဝါ ဖြစ်ကုန်တော့သည်။

အသီးအနှံဆိုလည်း ဓာတုပစ္စည်းပေါင်းစုံဖြင့် စိုက်ပျိုးပြင်ဆင်ထား သည့် ထွားထွားကြိုင်းကြိုင်း အသီးအနှံများကို ကြိုက်သည်။ တလောက ဈေးသို့ရောက်စဉ် သစ်သီးဆိုင်တွင် သဘော်သီးအလုံးထွားထွား တွေ့ရ သည် စိမ်းနေသေးသည့်အတွက် ကိုင်ကြည့်ပြီးမှ ပြန်ချလိုက်သည်တွင် ဆိုင်ရှင်က ဤသို့ ပြောပါသည်။

"သဘော်သီးကို စိမ်းတယ်ထင်လို့လား၊ ညနေဆို ဝင်းဝါသွား မှာပါ။ နေ့လယ်စားလဲရပါတယ်၊ ဒီမှာကြည့်ပါ" ဟုဆိုကာ ပုလင်းလေးတစ်လုံး ထဲမှ ဆေးရည်ကို တုတ်တံဖြင့်ဆွတ်ပြီး သဘော်သီးကို သုံးလေးနေရာ တို့၍–

"ဒီဆေးက စေလိုရာဆေးရှင့်၊ ချက်ချင်းမှည့်တာ။ သရက်သီး၊ သခွားသီး၊ ဖရဲသီးတို့ကိုလဲ ဒီလိုတို့လိုက်ရင် ချက်ချင်းဝင်းမှည့်တော့တာပဲ"

ယခင်က ကြားဖူးရုံသာ ကြားဖူးသည်။ ယခုမှ လက်တွေ့မို့ ယုံပါပြီ။ သဘော်သီးကို မဝယ်တော့ဘဲ မုန်လာဥ နုနုထွားထွား ဖြူဖြူ ဖွေးဖွေး၊ ပဲတောင့်ရှည်ပွပွ ဝယ်ယူ၍ ပြန်လာခဲ့သည်။ အိမ်တွင် နယ်မှ တူမများ ရောက်နေကြသည်။

"အတော်ပဲဟော့၊ ငါ့တူမတွေလာလည်ကြတယ်။ ပဲတောင့်ရှည်သီးထဲ အသားအဆာသွတ်နှပ်၊ မုန်လာဥပြုတ်တို့နဲ့ ကျွေးမယ်ဟော့"

"ဘဘ–ဒီမုန်လာဥ၊ ပဲတောင့်ရှည်တွေက ဓာတ်မြေသြဇာနဲ့ ကြီးထွားသွားတာ"

"ဟုတ်တာပေါ့၊ ကြီးထွားအောင် ယူရီးယား၊ တီစူပါဓာတ်မြေသြဇာ တွေ သုံးစွဲစိုက်ပျိုးထားမှာပေါ့"

"အဲဒါပြောတာမဟုတ်ဘူး ဘဘ"

"နင်တို့ဟာ ရှုပ်ကုန်ပြီ"

"မရှုပ်ပါဘူး၊ ရှင်းရှင်းလေးပါ၊ မုန်လာဥပဲဖြစ်ဖြစ်၊ ပဲတောင့်ရှည်ပဲ ဖြစ်ဖြစ် သေးသေးကွေးကွေးကို တစ်ညအိပ်နဲ့ ကြီးထွားအောင် လုပ်လို့ ရတယ်"

ကျွန်တော် အံ့သြနေစဉ် တူမက ဆက်ပြောပါသည်။

"မုန်လာဥ၊ ပဲတောင့်ရှည်၊ ပဲသီးတွေကို မနက်ဈေးထဲရောင်းတော့ မယ်ဆိုရင် ယူရီးယားဓာတ်မြေသြဇာရည်ဆွတ်ထားတဲ့ ဂုန်နီအိတ်နဲ့

သဘာဝစိုက်ပျိုးမွေးမြူရေးထက် အထွက် တိုးပိုမိုစေရန်၊ မြန်မြန်ကြီးထွားစေရန်၊ အထားအသို တာရှည်ခံစေရန်အတွက် ဓာတုဗေဒပစ္စည်းများကို အားထားသုံးစွဲလာ ကြသည်။ မှိုသတ်ဆေး၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ကြီးထွားဆေး၊ ဓာတ်မြေ သြဇာ စသည်တို့ဖြစ်သည်။ ယင်းတို့သုံးစွဲ၍ အထွက်တိုးစေပါ၏။ ကြီးထွားစေပါ၏။ သို့ရာတွင် မြန်မာ့ဆိုရိုးစကားရှိသည်၊ "တန်ဆေး၊ လွန်ဘေး"ဖြစ်သည်။ ယနေ့ ချိန်ခါ၌ အချို့မှာ သဘာဝမဟုတ်သည့် ဓာတုပစ္စည်းမျိုးစုံကို စည်းကမ်း တကျမရှိ၊ အတိုင်းအဆမရှိ သုံးစွဲနေကြသည်။ သုံးစွဲ နည်းမှန်ကန်မှုမရှိလျှင် ဘေးအန္တရာယ် ကြီးမားလှသည်။

ပတ်ထုပ်ထားတယ်။ ပြီးတော့ တစ်ညသိပ်လိုက်ရင် မနက်ရောက်တာနဲ့ နှစ်ဆတိုးပြီး ထွားကျိုင်းသွားတယ်။ အဲဒါ လုပ်ရောင်းနေတဲ့ ဈေးသည် ကိုယ်တိုင် ပြောပြလို့ သိရတာပါ"

ကျွန်တော်တော့ အံ့သြပြီးရင်း အံ့သြနေမိသည်။ ဓာတ်မြေသြဇာ ဆိုသည်မှာ နိုက်ထရိုဂျင်ဓာတ်ပေါင်းဖြစ်သည်။ မီးစုန်းဓာတ်၊ ဆိုဒီယံ၊ ပိုတက်စီယံ၊ မင်းဂနီးတို့လည်းပါဝင်သည်။ အမိုးနီးယားဓာတ်ပေါင်းများ လည်း ပါဝင်သည်။ ဓာတ်မြေသြဇာဓာတ်များသည် မုန်လာဥ၊ ပဲတောင့်ရှည် သီးအတွင်း စိမ့်ဝင်သွားတော့သည်။ စားသုံးမိသည်နှင့် ထိုဓာတ်မြေသြဇာများ ခန္ဓာကိုယ်တွင်း ရောက်သွားတော့သည်။ နိုက်ထရိုဂျင်ဓာတ်အုပ်စုတွင် အမိုးနီးယား ပါဝင်သည်။ ခန္ဓာကိုယ်ကို အဆိပ်ဖြစ်စေသည့်အတွက် နေ့စဉ်ဆီးမှ စွန့်ပစ်ကြရသည်။ ဆီးနံ့နံစော်ခြင်းသည် အမိုးနီးယား ဓာတ်ကြောင့် ဖြစ်သည်။ ဓာတ်မြေသြဇာများ ကိုယ်တွင်းသို့ တိုက်ရိုက် ရောက်စေခြင်းကြောင့် ဦးနှောက်၊ အစာအိမ်၊ အသည်း၊ ကျောက်ကပ် ပျက်မည်မှာ သေချာပါသည်။

ဤလုပ်ရပ်များကို ရပ်တန့်အောင် လုပ်ကြရပါမည်။ ပြုပြင်ရောင်းချ ခြင်းကို စစ်ဆေးတားမြစ်မှုပြုလုပ်သင့်သည်။ မသမာသူအချို့ကို ရှာဖွေ စစ်ဆေးရန်မှာ ခက်ခဲပါလိမ့်မည်။ ဤတွင် အကြံတစ်ခု တင်ပြလိုသည်။ **ဈေးရောင်းသူသည် ဝယ်ယူသူ၏ ဝယ်လိုအားပေါ်မူတည် ရောင်းချနေ ကြခြင်းဖြစ်သည်။ စားသုံးသူ အကြိုက် ရောင်းသူက လိုက်ရောင်းသည်။ စားသုံးသူက ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာတွေပါသည့် အစားအစာ သီးနှံတွေစားခြင်းသည် အဆိပ်စားခြင်း ဖြစ်သည်ဟု သဘောပေါက်ကြပြီး ရှောင်ရှားမည်၊ လက်မခံ ပယ်မည်ဆိုလျှင် ရောင်းချ သူများက ရောင်းကြ တော့မည်မဟုတ်။** ထို့အတွက် ပြည်သူတစ်ရပ်လုံး သဘောပေါက် နားလည်ပြီး ရှောင်ကြဉ်နိုင်ရန် သတိပေး ရေးသားတင်ပြလိုက်ရပါ သည်။ ။

မင်္ဂလာဆောင်သွားသည့်ကား မိုင်းထိ၍ ၂၆ ဦးသေ

ကွတ်တာ (ပါကစ္စတန်) မတ် ၁၁

ပါကစ္စတန်အနောက်တောင်ပိုင်းတွင် မင်္ဂလာဆောင်သို့ သွားသောလူ ၂၆ဦး လိုက်ပါလာသည့် ကားတစ်စီး သောကြာနေ့က မြေမြှုပ်မိုင်းနင်းမိ ပေါက်ကွဲ၍ ၂၆ဦး သေဆုံးကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဘလူချီစတန်ပြည်နယ် ဒီရာဘွတ်တီခရိုင်၌ ဖြစ်ပွားခဲ့သော မြေမြှုပ်မိုင်းပေါက်ကွဲမှုမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရန် လက်နက်ကိုင်လှုပ်ရှားနေသူများ ထောင်ထားသော မိုင်းဖြစ်ကြောင်း ပြည်နယ် အစိုးရပြောရေးဆိုခွင့်ရှိသူ ရာဇစ်ဘွတ်တီက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။



အာရေဗျ ပင်လယ်ကမ်းရိုးတန်းရှိ ကမ်းလွန်ရေနံတူးစင်အနီးမှ ကင်းလှည့်ခုတ်မောင်းသွားသော အိန္ဒိယစစ်ရေယာဉ်များကို မတ် ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်၏ လူ့အခွင့်အရေးအစီရင်ခံစာ ဖိလစ်ပိုင်ပယ်ချ

မနီလာ မတ် ၁၁

ဖိလစ်ပိုင်နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများအပေါ် အမေရိကန်ပြည်ထောင်စု၏ ဝေဖန်ချက်ကို ဖိလစ်ပိုင်အစိုးရက သောကြာနေ့တွင် ပယ်ချလိုက်ပြီး ဖိလစ်ပိုင်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေသည်ဟု အမေရိကန်အစိုးရက ဖော်ပြခဲ့ခြင်းသည် မရေမရာနှင့် မျှတမှုမရှိဘဲ ဖော်ပြခဲ့ခြင်းသာဖြစ်ကြောင်း ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ကျင့်သုံးနေသည့် ဒီမိုကရေစီသည် အစဉ်အမြဲ တိုးတက်ဖြစ်ထွန်းမှုရှိနေပြီး ပြည်သူ့ရုံးဌာန အဖွဲ့အစည်းများမှာလည်း ထင်သာမြင်သာရှိကြကာ တရားဥပဒေဖြင့် ညီညွတ်မှုရှိကြောင်း၊ လူ့အခွင့်အရေးဖောက်ဖျက်မှုနှင့် စပ်လျဉ်းသည့် အမှုအခင်းများကို လွတ်လပ်သည့် ကော်မရှင်တစ်ရပ်ဖွဲ့ပြီး အစိုးရအဖွဲ့နှင့် ပူးပေါင်းကာ မှန်မှန်ကန်ကန်ကိုင်တွယ် ဖြေရှင်းခဲ့ကြောင်း သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ အစ်ကနေစီယိုဘန်ယီက ပြောကြားသည်။

ထောင်များအတွင်း အကျဉ်းသားများ ကျပ်တည်းစွာနေထိုင်ရမှုကဲ့သို့သော ထောင်နှင့် စပ်လျဉ်းသည့် ပြဿနာများအပေါ် ကိုင်တွယ်ဖြေရှင်းရန် ဖိလစ်ပိုင်အစိုးရက အစီအစဉ်များချမှတ်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ထောင်တွင်း အကျဉ်းသားများကို ကျပ်ကျပ်တည်းတည်း ထားခဲ့မှုသည် လက်ရှိသမ္မတ အာရိုယိုမတက်ရောက်မီ ကာလအတန်ကြာကပင် ရှိခဲ့ကြောင်း၊ ကြီးမားသည့်ထောင်များ ဆောက်လုပ်ရန်နှင့် လူငယ်လူရွယ်များအတွက် ပြန်လည်ထူထောင်ရေးစခန်းများ ဆောက်လုပ်ပေးရန် ငွေအရင်းအမြစ်များ လိုအပ်နေကြောင်း အစ်ကနေစီယိုဘန်ယီက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အိန္ဒိယအလယ်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်း လူ ၂၃ ဦး သေဆုံး

နယူးဒေလီ မတ် ၁၁

အိန္ဒိယနိုင်ငံ မက်ယာပရာဒေ့ရှ်ပြည်နယ်တွင် လွန်ခဲ့သည့် နှစ်ရက်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ၂၃ ဦးသေဆုံးခဲ့ကြောင်း အိန္ဒိယ-အာရှ သတင်းဌာနက သောကြာနေ့တွင် ဖော်ပြသည်။

လူအများစုသည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုးကြိုးပစ်ခံရပြီးအချို့မှာ အိမ်ပြိုကျသောကြောင့် သေဆုံးခဲ့ကြခြင်းဖြစ်သည်ဟု ဒေသန္တရအစိုးရအဖွဲ့က ပြောကြားသည်။

ပျက်စီးဆုံးရှုံး

မိုးအဆက်မပြတ် ရွာသွန်းသဖြင့် အိုးအိမ် ၁၅၀၀ကျော် ထိခိုက်ပျက်စီးပြီး ခရိုင်ပေါင်း ၄၈ ခုအနက် ခရိုင် ၃၀မှ ရွာပေါင်း ၇၂၀မှ စိုက်ထားသည့်သီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု ဒေသခံတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အဆိုပါ ဒေသမှစိုက်ခင်း ဟက်တာ ၃၂၀၀၀ နီးပါး ထိခိုက်ပျက်စီးခဲ့သည်ဟု ရရှိထားသည့် သတင်းများအရ သိရှိရသည်။

လာမည့်နှစ်ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းနိုင်ပြီး မိုးသီးများလည်း ကြွေကျနိုင်သည်ဟု ရာသီဥတုခန့်မှန်းရေးအာဏာပိုင်အဖွဲ့က ခန့်မှန်းထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

နိုင်ငံခြားသားဧည့်သည်များ လက်ဗွေပုံစံယူရန် ဂျပန်စီစဉ်

တိုကျို မတ် ၁၁

ဂျပန်နိုင်ငံတွင် လုံခြုံရေးတင်းကျပ်သည့် သဘောဖြင့် နိုင်ငံခြားသားဧည့်သည်များကို လက်ဗွေပုံစံယူ၊ ဓာတ်ပုံရိုက်ရေးအစီအစဉ်ကို ဂျပန်အစိုးရအဖွဲ့က အတည်ပြုလိုက်ပြီဖြစ်သည်။

ဂျပန်နိုင်ငံ၌ အမြဲနေထိုင်သူများနှင့် အစိုးရတာဝန်ဖြင့် လာရောက်သူများမှအပ အသက်(၁၆)နှစ်ပြည့်ပြီးသူ နိုင်ငံခြားသားအားလုံး အကျုံးဝင်သည်ဟု သိရသည်။

အတည်ပြုချက်

ဂျပန်အစိုးရ၏အစီအစဉ်ကို ဂျပန်ပါလီမန်၏ အတည်ပြုချက်ရယူဦးမည်ဖြစ်ကြောင်း သိရသည်။ ဇွန်လ ၁၈ ရက်နေ့ ပြီးဆုံးမည့် ပါလီမန်၏ လက်ရှိအစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူမည်ဖြစ်ကြောင်း တရားရေးဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးအဖွဲ့မှ ချီဟိုနာကာအိက ပြောဆိုသည်။

အကြမ်းဖက်သမား အားလုံးသည် နိုင်ငံခြားသားများ မဟုတ်ကြကြောင်း၊ ထို့ပြင် ထိုသို့သော နိုင်ငံခြားသားတစ်ဦးက ဂျပန်နိုင်ငံအတွင်းဝင်ရန် ကြိုးပမ်းသည့်တိုင်အောင် ထိုသူနှင့် ပတ်သက်သည့် ရုပ်ပိုင်းဆိုင်ရာ သတင်းအချက်အလက်များကို မိမိတို့ကြိုတင်ရရှိချင်မှ ရရှိမည်ဖြစ်ကြောင်း ဂျပန်ရှေ့နေများအသင်းက ဒီဇင်ဘာလအတွင်းထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ ***အင်တာနက်။***



ဂရိနိုင်ငံ ဂါလာဇီဒီဒိုမြို့တွင် ကျင်းပသည့် ရိုးရာပျော်ပွဲရွှင်ပွဲ တစ်ခု၌ ဂျုံမှုန့်များ လိမ်းကျံထားသည့် လူငယ်များအား မတ် ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒေသဖွံ့ဖြိုးရေး

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်တွင် ငြိမ်းချမ်းရေးရရှိပြီဖြစ်ရာ ဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိသည်ကို မတ် ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျော်ဂျီယာနိုင်ငံ တီဘာလီစီမြို့ မြစ်အတွင်း ငါးဖမ်းနေသော ရေလုပ်သားတစ်ဦးကို မတ် ၁၀ရက်က တွေ့ရ စဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်အနောက်မြောက်ပိုင်းဒေသ၌ တိုက်ခိုက်မှုဖြစ်ပွား၊ လူ ၁၀၀ ကျော်သေဆုံး

အစ္စလမ္မာဘတ် မတ် ၁၁

ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါကစ္စတန်အနောက်မြောက်ပိုင်းဒေသတွင် လတ်တလောစစ်ဆင်နွှဲ တိုက်ခိုက်မှုပြုလုပ်ခဲ့စဉ်အတွင်း အကြမ်းဖက်သမား ၁၀၀ ကျော် သေဆုံးပြီး ၎င်းတို့အတွင်းမှ ပြည်ပနိုင်ငံသား ကိုးဦးကို ဖမ်းဆီးခဲ့ကြောင်း ပါကစ္စတန်ထောက်လှမ်းရေးဌာနက သောကြာနေ့တွင် ပြောကြားလိုက်သည်။

မာရန်ရှားနှင့် မာအလီဒေသတို့တွင် စစ်ဆင်နွှဲခဲ့စဉ်အတွင်း လက်နက်ခဲယမ်းမီးကျောက် သိုဝှက်ထားသည့်နေရာကြီးတစ်ခုကိုလည်း တွေ့ရှိကာ သိမ်းဆည်းခဲ့သည်ဟု အေပီပီသတင်းဌာနက ဖော်ပြသည်။

အကြမ်းဖက်အုပ်စု၏ ကြိုးကိုင်တစ်ဦးဖြစ်ပြီး စစ်ဘက်က အလိုရှိနေသူတစ်ဦးလည်း ဖြစ်သည့် အဗ္ဗဒူခါလစ်မှာ လွတ်မြောက်သွားခဲ့သည်ဟု လူထုဆက်သွယ်ရေးဌာနက ပြောကြားသည်။ ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များ သိမ်းဆည်းမိခဲ့သည့် ပစ္စည်းများတွင် စိန်ပြောင်းများ၊ ရော့ကက်လောင်ချာများ၊ လက်ပစ်ဗုံးများ၊ တင့်ကားပစ်လက်နက်များ၊ မြေမြှုပ်မိုင်းများ၊ အိမ်လုပ်ဗုံးများ၊ ခဲယမ်းမီးကျောက်များပါဝင်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ အမေရိကန်၏ စွပ်စွဲချက် ဗင်နီဇွဲလား ပယ်ချ

ကာရာကတ်စ် မတ် ၁၁

မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု ထိန်းချုပ်နိုင်ရန်အတွက် ဗင်နီဇွဲလားအစိုးရ၏ ကြိုးပမ်းမှုများအပေါ် သိက္ခာချထားသည့် အမေရိကန်အစိုးရ၏ အစီရင်ခံစာနှင့်ပတ်သက်၍ ဗင်နီဇွဲလားအစိုးရက ကျေနပ်မှုမရှိဟု ရေးသားကာ ကုလသမဂ္ဂအကြီးအကဲဖြစ်သူ ကိုဖီအာနန်သို့ တိုင်တန်းကြောင်း ဒေသဆိုင်ရာမီဒီယာသတင်းဌာနက သောကြာနေ့တွင် ပြောကြားသည်။

ဗင်နီဇွဲလားအစိုးရ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများနှင့် ဖမ်းမိသမျှ မူးယစ်ဆေးဝါးပမာဏနှင့်စပ်လျဉ်းသည့် အသေးစိတ်အစီရင်ခံစာတစ်စောင်ကို ကိုဖီအာနန်သို့ တင်ပြခဲ့ခြင်းဖြစ်ပြီး အမေရိကန်၏ အစီရင်ခံစာကဖော်ပြထားသည့် အချက်များကို လက်ခံယုံကြည်နိုင်စွမ်း ရှိ၊ မရှိ အန်တုစိန်ခေါ်ထားခြင်းဖြစ်သည်။ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရာတွင် အမေရိကန်ပြည်ထောင်စုကဲ့သို့သော မူးယစ်ဆေးဝါးတွင်တွင်ကျယ်ကျယ် အသုံးပြုသည့်နိုင်ငံများကို အခြေပြု၍ အလေးထားဆောင်ရွက်သင့်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ အမေရိကန်လူဦးရေ၏ ၉ ရာခိုင်နှုန်းသောပြည်သူများသည် မူးယစ်ဆေးဝါးစွဲသူများဖြစ်နေသည်ဟု ဗင်နီဇွဲလား မစ်ရှင်အဖွဲ့၏ စာရင်းများအရ သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဂျင်တီးနား ဂျက်လေယာဉ် ပျက်ကျ

လာပက်ဇ် (ဘိုလီဗီးယား) မတ် ၁၁

အာဂျင်တီးနား စစ်ဘက်တာဝန်ရှိပုဂ္ဂိုလ်ခြောက်ဦး စီးနင်းလိုက်ပါလာသည့် လေယာဉ်တစ်စင်းသည် လာပက်ဇ်မြို့အနီးရှိ အယ်အော်တိုလေဆိပ်မှအတက်တွင် ပျက်ကျသဖြင့် အာဂျင်တီးနား စစ်ဘက်တာဝန်ရှိပုဂ္ဂိုလ်ခြောက်ဦး ကြာသပတေးနေ့တွင် သေဆုံးသွားခဲ့ကြောင်း ဘိုလီဗီးယား လေတပ်မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဒေသဆိုင်ရာ ရေဒီယိုအသံလွှင့်ဌာနသို့ ပြောကြားသည်။

အဆိုပါလေယာဉ်သည် ဂျက်လေယာဉ်ဖြစ်ပြီး ညနေ ၃နာရီ မိနစ်၃၀ တွင် လေဆိပ်မှအတက် ပျက်ကျခဲ့ပြီး အစိတ်စိတ်အမွှာမွှာ ဖြစ်သွားသဖြင့် ဂျက်လေယာဉ်ပေါ် စီးနင်းလိုက်ပါလာသူ စစ်ဘက်မှတာဝန်ရှိပုဂ္ဂိုလ် ခြောက်ဦး စလုံးသေဆုံးခဲ့သည်ဟု တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောကြားသည်။

အဆိုပါ လေယာဉ်သည် ကောင်းကင်သို့ ပျံအတက် လေထုထဲတွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ လေယာဉ်သည် ဗြူနို အေးရီးစ်မြို့သို့ ပြန်လာရာတွင် ယင်းသို့ ပျက်ကျခြင်းဖြစ်ကြောင်း လေတပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တရုတ်နိုင်ငံ ယူနန်ပြည်နယ်တွင် နှစ်ပေါင်း ၃၀၀ ကျော်သက်တမ်းရှိ ရှေးဟောင်းအဆောက်အအုံ တစ်ခုကို မတ် ၁၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယူရိုငွေ နှစ်သန်းတန် စိန်တစ်လုံး ဘယ်လ်ဂျီယံ အလုပ်ရုံမှ လုယက်ခံရ

ဘရပ်ဆယ် မတ် ၁၁

ဘယ်လ်ဂျီယံနိုင်ငံ အင်တွပ်ဆိပ်ကမ်းမြို့အနီးရှိ စိန်အရောင်တင်သည့် အလုပ်ရုံမှ ယူရိုငွေ နှစ်သန်းတန်ဖိုးရှိသည့် စိန်တစ်လုံး ကြာသပတေးနေ့က လုယက်ခံရကြောင်း ဒေသဆိုင်ရာသတင်းဌာန စီအာတီက သောကြာနေ့တွင် ဖော်ပြသည်။

လုယူသွား

သေနတ်သမား တစ်ယောက်သည် အဆိုပါအလုပ်ရုံထဲသို့ ဝင်ရောက်လာခဲ့ပြီး စိန်အရောင်တင်သူကို ခြိမ်းခြောက်ကာ စိန်ကိုလုယူသွားပြီး ၎င်းကို အလုပ်ရုံမှ မီးခံသေတ္တာအတွင်း ပိတ်ထားခဲ့သည်ဟု အဆိုပါ သတင်းဌာနက ပြောကြား သည်။

အဆိုပါစိန်မှာ တောင်အာဖရိက ကုမ္ပဏီတစ်ခုက ပိုင်ဆိုင်ပြီး ဖြတ်တောက်ခြင်း မပြုရသေးမီ လုယက်ခံရခြင်းဖြစ်သည်။

စိန်အရောင်တင်သည့် လုပ်ငန်းခွင် ပတ်ပတ်လည်တွင် အစောင့်အကြပ် ထူထပ်စွာချထားရာ သေနတ်သမားက မည်သို့မည်ပုံ ချင်းနင်းဝင်ရောက်လာသည်ကို ရှင်းလင်းစွာ မသိရသေးပေ။ ***အမ်အင်အေ၊ဆင်ဟွာ။***

မြွေအလမ္ပာယ် အလှမယ်

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် စွိဝါတားမြို့၌ ကျင်းပသည့် မြွေပြပွဲနှင့် မြွေအလမ္ပာယ် အလှမယ်ပြိုင်ပွဲတွင် ဆုရသူတစ်ဦးကို မတ် ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆေးလိပ်သောက်သုံးမှု ဗြိတိန်၌ တားမြစ်မည်

လန်ဒန် မတ် ၁၁

ဗြိတိန်နိုင်ငံရှိ အဖျော်ယမကာဆိုင်များ၊ ကလပ်များနှင့် အလုပ်ဌာနများ၌ နောက်နှစ်တွင် ဆေးလိပ်သောက်သုံးမှုကို တားဆီးရန် ဆုံးဖြတ်ထားကြောင်း၊ ဆေးလိပ်သောက်သော အလေ့အထကို တားဆီးရန် လူအများအပြား၏ ဆန္ဒဖြစ်ကြောင်း မတ် ၈ ရက်လူထု စစ်တမ်းတစ်ခု၌ ဖော်ပြထားသည်။

ပြည်သူအများအပြားရှိသော နေရာများအားလုံးတွင် ဆေးလိပ်သောက်သုံးမှုကို တားမြစ်ရန် ထိုဥပဒေကို ၂၀၀၇ ခုနှစ် နှစ်လယ်ပိုင်းထိ ဥပဒေ သက်ရောက်နိုင်ခြင်းကို အောက်လွှတ်တော်အဖွဲ့က ဖေဖော်ဝါရီလတွင် သဘောတူထောက်ခံခဲ့သည်။

ဆေးလိပ်သောက်သုံးသူ နှစ်ဦးတွင် တစ်ဦးသည် အချိန်စောပြီး အသက်ဆုံးရှုံးကြသည်ဟု ဖော်ပြခဲ့သည်။

အဆုတ်ကင်ဆာကဲ့သို့သော ကျန်းမာရေးထိခိုက်မှုများတွင် ဆေးလိပ်သောက်သုံးခြင်းသည် ပထမဆုံးဆိုးရွားမှုပင်ဖြစ်ကြောင်း ဗြိတိသျှသိပ္ပံပညာရှင်များကဆိုသည်။ သို့သော် ဗြိတိန်တွင် လူများပြားသောနေရာများ၌ ဆေးလိပ်သောက်သုံးခြင်းကို တားမြစ်ဆောင်ရွက်ခြင်းမှာ နှောင့်နှေးလျက်ရှိသည်ဟု သိရှိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့ အနောက်ဘက်ရှိ အဘူဂါရိပ် အကျဉ်းထောင်မှ အကျဉ်းသားများကို မတ် ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရှိ အဘူဂါရိပ်ထောင်ကို ပိတ်ပစ်မည် ကုန်လှောင်ရုံအဖြစ် အသုံးပြုရန် စီစဉ်နေ

ဘဂ္ဂဒက် မတ် ၁၁

အမေရိကန်စစ်ဘက်သည် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ အဘူဂါရိပ်အကျဉ်းစခန်းကို လာမည့်လအနည်းငယ်အတွင်း ပိတ်ပစ်မည်ဖြစ်ပြီး ယင်းစခန်းကို အီရတ်အစိုးရက ကုန်လှောင်ရုံအဖြစ် ပြောင်းပစ်ရန် စီစဉ်နေကြောင်း အီရတ်တာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

အဘူဂါရိပ်အကျဉ်းစခန်းသည် သမ္မတဟောင်း ဆက်ဒမ်ဟူစိန်လက်ထက်က နှိပ်စက်ရာအကျဉ်းစခန်းတစ်ခုဖြစ်ခဲ့ပြီး အီရတ်နိုင်ငံသိမ်း အမေရိကန်တပ်ဖွဲ့ဝင်များအတွက် ရှက်ဖွယ်ကောင်းသည့် သင်္ကေတတစ်ခုဖြစ်ခဲ့သည်။ ယင်းကြောင့် အဆိုပါစခန်းကို ဆက်လက်အသုံးမပြုရန် စီစဉ်နေသည်ဟု အမေရိကန်စစ်ဘက်က ကြာသပတေးနေ့တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ အီရတ်အာဏာပိုင်များက ယင်းစခန်းကို ထောင်အဖြစ် ဆက်လက်အသုံးချနိုင်သည်ဟု အမေရိကန်တာဝန်ရှိပုဂ္ဂိုလ်များက တိုက်တွန်းပြောကြားထားသည်။

အဘူဂါရိပ်တွင် အကျဉ်းသားများရှိတော့မည် မဟုတ်ဟု အီရတ် တရားရေးဝန်ကြီး အယ်လ်ဟူစိန်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ ယင်းစခန်းကို တရားရေးဝန်ကြီးဌာန၏ ကုန်လှောင်ရုံအဖြစ်အသုံးပြုမည်ဟု ၎င်းက ပြောကြားသည်။

အကြမ်းဖက်တိုက်ခိုက်မှုဖြင့် သင်္ကာမကင်းဖြစ်ကာ အဘူဂါရိပ်အကျဉ်းစခန်းတွင် ထိန်းသိမ်းထားခဲ့သည့် အကျဉ်းသား ၄၅၀၀ ကို လေဆိပ်အနီးရှိ အကျဉ်းစခန်းသစ်ဆီသို့ ရွှေ့ပြောင်းပေးမည်ဟု အမေရိကန်စစ်ဘက်က ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စန္ဒာမုနိဘုရားနှင့် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား မွမ်းမံပြုပြင်မှုနှင့် မန္တလေးမြို့ တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် မတ် ၁၂

မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေး မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်အတူ မတ် ၇ရက် နံနက် ၇နာရီ ၂၅မိနစ်တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ နန်းမြေဘုံသာစံ နန်းတော်ရာ စန္ဒာမုနိဘုရား မုခ်ဦးဆောက်လုပ်နေမှုအခြေအနေနှင့် စေတီများ တည်ဆောက်မွမ်းမံမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် နန်းမြေဘုံသာစံ နန်းတော်ရာ စန္ဒာမုနိ ဘုရား ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ပန်း၊ သစ်သီး၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော် ကန်တော့ကြပြီး လက်ယာရစ် ဖူးမြော် ကြည်ညို ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်ဘုရားသို့ ရောက်ရှိကြ၍ စောင်းတန်းထိပ်ရှိ ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးကျောက်စာတိုင်ကို ကြည့်ရှုစစ်ဆေးကြပြီး မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ကပ်လှူ ပူဇော်ကြကာ စေတီအား လက်ယာရစ် ဖူးမြော်ကြည်ညိုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပိဋကတ်တော်၊ ကျောက်စာတော်များ မွမ်းမံထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြို့ပတ်လမ်းနှင့် (၁၂)လမ်း လမ်းဆုံ မြို့ပတ်လမ်းသို့ ရောက်ရှိ၍ မြို့ပတ်လမ်း မြေသားလမ်းဖောက်လုပ်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များဖြင့် (၁၂)လမ်းနှင့် (၂၂)လမ်းကြားရှိ မြို့ပတ်လမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အောင်မြေသာစံမြို့နယ် ရေကင်းအမှတ်(၃)ရှေ့၌ စက်ယန္တရားများဖြင့် မြေဖို့ခြင်း၊ မြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လမ်းပိုင်း အခြေအနေကို လည်းကောင်း၊ (၈၃)လမ်းနှင့် (၂၃)လမ်း လမ်းဆုံ၌ (၂၃)လမ်း လမ်း (၈၀)မှ (၈၄)လမ်းအထိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် အဆင့်မြင့် ဈေးချိုပလာဇာသို့ ရောက်ရှိကြ၍ ဈေးဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

အရောင်းအဝယ် ဆောင်ရွက်

အဆိုပါ အဆင့်မြင့် ဈေးချို ပလာဇာသည် ခုနစ်ထပ် အဆောက်အအုံဖြစ်ပြီး ဈေးဆိုင် ခန်းပေါင်း ၁၅၄ခန်း၊ ရုံးခန်း ၇၇ခန်းတို့ဖွဲ့စည်းထားရှိ၍ အရောင်းအဝယ် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန်း-မြန်မာဆောက်လုပ်ရေး ကုမ္ပဏီက ဆောက်လုပ်လျက်ရှိသည့် Mandalay Zegyo Shopping and Condominium တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ကုမ္ပဏီ ဥက္ကဋ္ဌ ဦးသန်းဝင်းက မြေညီထပ်မှ ခြောက်ထပ်အထိ ဈေးဆိုင်ခန်းများ တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ၂၅ထပ်ကွန်ဒိုမီနီယံတည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မန္တလေး မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့က ဖြည့်စွက်တင်ပြကြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ၂၅ ထပ်ကွန်ဒိုမီနီယံ တတိယထပ်ထိ ကြမ်းခင်းကွန်ကရစ်လောင်းပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ မြေညီထပ်မှ ခြောက်ထပ်ရှိ ဈေးဆိုင်ခန်းများအထိ မော်တော်ယာဉ်ဖြင့် သွားလာနိုင်မှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အန္တရာယ်မရှိအောင် ဆောင်ရွက်ကြရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျထားရှိ ဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပြည်ကြီးတံခွန်မြို့နယ် တောင်သမန် ကန်ပတ်လမ်း (မြောက်ဘက်ခြမ်းလမ်း)၌ ကျောက်ခင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်းပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ချမ်းမြသာစည်မြို့နယ် မနော်ဟရီလမ်း (၆၅လမ်းနှင့် ၆၈ လမ်းကြား) ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်း လုပ်ငန်းခွင်သို့ လည်းကောင်း၊ (၂၉)လမ်း (လမ်း ၇၀နှင့် ၇၁ လမ်းကြား) ကျောက်ချောလမ်းခင်းခြင်းနှင့် ရေမြောင်းဖောက်လုပ်ခြင်း လုပ်ငန်းခွင်သို့ လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် နန်းမြို့ဧည့်ရိပ်သာသို့ ပြန်လည် ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးမြို့အတွင်း မြို့ပတ်လမ်းဖောက်လုပ်မှုနှင့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သီပေါဆရာတော်ဂုဏာဝိသိဋ္ဌပူဇာကျင်းပမည်

ရန်ကုန် မတ် ၁၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ်(၁/၂၀၀၆)အရ သာသနာတော်ဆိုင်ရာ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ခန္တီရာမစာသင်တိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍဝအား သီပေါသူ၊ သီပေါသားများက မတ် ၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ရေတာရှည်လမ်းဟောင်း ရွှေတိဂုံဘုရားအနီးရှိ ကမ္ဘောဇမ္မောရုံ၌ ထပ်ဆင့်လှူဒါန်းပူဇော်မည်ဖြစ်ရာ တက်ရောက်ပူဇော်ကြရန်နှင့် လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းလိုသူများသည် ဒေါ်ခင်မေကြည် ဖုန်း-၆၉၀၁၅၄၊ ဒေါ်မာလာ ဖုန်း-၅၆၆၃၇၉၊ ဦးသန်းဌွေး ဖုန်း-၆၁၀၂၁၂၊ ဦးညီညီလတ် ဖုန်း-၃၇၁၈၀၀ လိုင်းခွဲ-၃၆၂တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကျေးရွာ ကျန်းမာရေးဆေးပေးခန်း မလှိုင်မြို့နယ် အုတ်ဖိုကန်ကျေးရွာ၌ ဖွင့်

ရန်ကုန် မတ် ၁၂

မန္တလေးတိုင်း မိတ္ထီလာခရိုင် မလှိုင်မြို့နယ် အုတ်ဖိုကန်ကျေးရွာ အုပ်စု အုတ်ဖိုကန်ကျေးရွာ ကျန်းမာရေး ဆေးပေးခန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၇ရက် နံနက် ၈နာရီတွင် အဆိုပါ ဆေးပေးခန်း၌ ကျင်းပရာ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှတင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီး ရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းမြအိမ်၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါ်ဖြူဖြူနွယ်၊ ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောဌွေး၊ မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန်းနှင့် အဖွဲ့ဝင်များ၊ မလှိုင်မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်တင်တင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊မြို့နယ် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆေးပေးခန်း အလှူရှင် ဒေါက်တာမျိုးညွန့် - ဒေါ်မင်းမင်း မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင်နှင့် အလှူရှင် ဒေါက်တာမျိုးညွန့်တို့က ဆေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ဆက်လက်၍ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူး ကြီးလှတင်နှင့် မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန်းတို့က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အုတ်ဖိုကန် ကျေးရွာ ဆေးပေးခန်းအလှူရှင်ဒေါက်တာမျိုးညွန့်က ဆေးပေးခန်း လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် အုတ်ဖိုကန်ကျေးရွာအုပ်စု တောင်ကုန်းကျေးရွာ ဦးကြည်က ကျေးဇူးတင် စကားပြောကြားသည်။

ကျေးလက်ဆေးပေးခန်း အဆောက်အအုံကို အလှူရှင် ဒေါက်တာမျိုးညွန့်-ဒေါ်မင်းမင်းတို့က ကျန်းမာရေးဦးစီးဌာန ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်ထံသို့ လွှဲပြောင်းပေးအပ် သည်။

အဆိုပါ အခမ်းအနားတွင် အလှူရှင် ဒေါက်တာမျိုးညွန့်-ဒေါ်မင်းမင်းမိသားစုက ငွေကျပ် ၂၇သိန်းတန် ဆေးပေးခန်း အဆောက်အအုံနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်တင်တင်ဝင်းထံသို့ အသင်း ရန်ပုံငွေအဖြစ် ငွေကျပ်တစ်သိန်း ပေးအပ်သည်။ ဆက်လက်၍ စုပေါင်း အလှူရှင်များက ဆေးပဒေသာပင် စုစုပေါင်း ငွေကျပ် ၃၀၂၅၀၀ကို ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

မန္တလေးတိုင်း မလှိုင်မြို့နယ် အုတ်ဖိုကန်ကျေးရွာ ကျန်းမာရေးဆေးပေးခန်း ဖွင့်ပွဲ အထိမ်းအမှတ်အလံကို အလှူရှင် ဒေါက်တာမျိုးညွန့်က မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင်ထံ ပေးအပ်စဉ်။ (ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၃-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅	၆။ မျိုးချစ်တပ်မတော်
၄:၅၀	၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅	၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။ နိုင်ငံတကာသတင်း
၆:၂၀	၁၁။ မိုးလေဝသသတင်း
၆:၂၅	၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နန်းတွင်းရတနာ (အပိုင်း-၂၀)**
၈:၀၀	၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။ မေးမြန်းစုံစမ်း
	၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပါရမီရှင်သိုင်းလုလင် (အပိုင်း-၂၄)**
	၂၀။ သင့်အတွက်မနက်ဖြန်
	၂၁။ အပိတ်နှုတ်ဆက်စကား
	၂၂။ ပြီးပါပြီ။

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနရှိ ဝန်ထမ်းများနှင့်တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

အရည်အသွေးရှိသည့် စာပေလက်ရာမွန်များ ပြည်သူများလက်ဝယ်ရောက်ရှိရေး မူဝါဒများနှင့်အညီ စိစစ်ပေး မြန်မာ့ယဉ်ကျေးမှုစရိုက်လက္ခဏာများကို ထိန်းသိမ်းပြီးချမှတ်ထားသည့်မူဝါဒများအတွင်းမှ မျှတအောင် စိစစ်ဆောင်ရွက်

ရန်ကုန် မတ် ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသို့ ရောက်ရှိစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ အမှာစကားပြောကြားသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

မှာကြား

ရှေးဦးစွာ ဝန်ကြီးအား ရုံးခန်း၌ စာပေစိစစ်နှင့်မှတ်ပုံတင်ဌာန ညွှန်ကြားရေးမှူး ဦးတင့်ဆွေက စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန၏ သမိုင်းအကျဉ်း၊ ဖွဲ့စည်းပုံ ပြောင်းလဲလာမှုအဆင့်ဆင့်နှင့် လက်ရှိဆောင်ရွက်နေသော လုပ်ငန်းတာဝန်များကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဌာနအနေဖြင့် လုပ်ငန်းများ နိုင်နင်းထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လုံလောက်သည့် ဝန်ထမ်းအင်အား ထုတ်နုတ်ဖြည့်တင်းထားရှိရန်၊ ပုံနှိပ်သူ မှတ်ပုံတင်နှင့် ထုတ်ဝေသူ မှတ်ပုံတင်အသစ်များအား မူဘောင်နှင့်အညီ ဆက်လက်ခွင့်ပြုပေးသွားမည်ဖြစ်၍ ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေး ကြိုတင်မြော်မြင်စီစဉ်ထားရှိရန်၊ ပုံနှိပ်သူနှင့်ထုတ်ဝေသူ မှတ်ပုံတင်ကြေးများကိုလည်း သတ်မှတ်နှုန်းထားများအတိုင်း သတ်မှတ်ကာလအတွင်း အပြည့်အဝ ပေးသွင်းလက်ခံရရှိအောင် ကြပ်မတ်ဆောင်ရွက်သွားရန်၊ ဌာနပိုင်မြေအတွင်းရှိ အဆောက်အအုံများနှင့် ပတ်သက်၍ မူဘောင်နှင့်အညီ စနစ်တကျဖြစ်အောင် ဆောင်ရွက်ထားရှိရန် အစရှိသည်တို့ကို မှာကြားသည်။

မပြတ်သတိပြု

ထို့နောက်ဝန်ကြီးသည် ဌာနအစည်းအဝေးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံမှာကြားရာတွင် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနလုပ်ငန်းများနှင့် ပတ်သက်၍ ပြောင်းလဲပေးသင့်သည့် မူဝါဒများကို အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စာပေစိစစ်ရေးလုပ်ငန်းတာဝန်သည် အလွန်အရေးကြီးသဖြင့် ဝန်ထမ်းများအနေဖြင့် ကြီးလေးသည့်တာဝန်အား ထမ်းဆောင်နေကြရသူများဖြစ်သည်ကို မပြတ်သတိပြုကြစေလိုကြောင်း၊ ယနေ့ ပညာခေတ် (Knowledge Age)တွင် မိမိတို့နိုင်ငံကိုလည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပညာကိုအခြေခံသော လူ့ဘောင် (Knowledge based Society)၊ ပညာကို အခြေခံသော စီးပွားရေး(Knowledge based Economy) စနစ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက် အသိဉာဏ် ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးကြရဦးမည်ဖြစ်ကြောင်း၊ ထိုသို့ ပြည်သူလူထုတစ်ရပ်လုံး အသိဉာဏ် ဗဟုသုတ မြင့်မားလာရေးနှင့် လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဓိက Mediaနည်းလမ်းဖြင့် ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနသည် နိုင်ငံ၏ Printed Media ကဏ္ဍ၌ အရေးကြီးသည့်နေရာမှ ပါဝင်လျက်ရှိကြောင်း၊ အရည်အသွေးရှိသည့် စာပေလက်ရာမွန်များ ပြည်သူများ၏ လက်ဝယ်ရောက်ရှိရေးအတွက် ဝန်ထမ်းများအနေဖြင့် မူဝါဒများနှင့်အညီ စိစစ်ဆောင်ရွက်ပေးသွားကြရန်ဖြစ်ကြောင်း၊ ယင်းသို့သော အချိန်ကာလတွင် ပြည်တွင်းပုဆိန်ရိုးများ၊ ပြည်ပရှိ ဆန့်ကျင်ဘက်အဖွဲ့အစည်းများအနေဖြင့် မဟုတ်မမှန် ထုတ်လွှင့်တိုက်ခိုက်မှုများရှိကြောင်း၊ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနနှင့် စာပေလောကသားများ ပေါင်းစည်း၍ အခြေအနေကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်ကာ နိုင်ငံ့အမျိုးသားအကျိုးစီးပွားကို ကာကွယ်ပေးသွားကြရမည် ဖြစ်ကြောင်း၊ နိုင်ငံ၏ အမျိုးသား အကျိုးစီးပွားဘက်မှသာ ထာဝစဉ် ရပ်တည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စာပေကို ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ယင်းသို့ ပူးပေါင်းဆောင်ရွက်ရာတွင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် စရိုက်လက္ခဏာများကို ထိန်းသိမ်းပြီး ချမှတ်ထားသည့် မူဝါဒများအတွင်းမှ မျှတအောင် စိစစ်ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ နိဂုံးချုပ်အနေဖြင့် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနအတွက် ချမှတ်ပေးထားသော လုပ်ငန်းရည်ရွယ်ချက်လေးရပ်အား ဌာနဝန်ထမ်းများက တိကျစွာ လိုက်နာ၍ စာပေလောကသားများနှင့် ညီညွတ်မျှတစွာ ပူးပေါင်းဆောင်ရွက်ပြီး စာပေဖြင့် တိုင်းပြည်နှင့်လူမျိုးအကျိုးကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်သွားကြရန် တိုက်တွန်းလိုကြောင်း စသည်ဖြင့် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဌာနအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ဒေးဒရဲမြို့နယ် သံဒိုမြစ်အတွင်းမှ မိကျောင်းတစ်ကောင် ဖမ်းဆီးရမိ

ဒေးဒရဲ မတ် ၉

ဒေးဒရဲမြို့နယ် အစဲကလေးကျေးရွာအုပ်စု ကွန်ဒိုင်းကျေးရွာအနီးရှိ ရေလယ်သောင် သံဒိုမြစ်အတွင်း ရေလုပ်သားများဖြစ်သော ဦးကျောက်ခဲ၊ ကိုစန်း၊ သန်းထွန်းဦး၊ ဦးကုလား၊ ဆန်းထွန်းဦး၊ ဖြိုးနောင်၊ မျိုးမြင့်၊ ကျော်သူ၊ လွင်နိုင်ဝင်းနှင့် ကိုနက်ကျော်တို့သည် မြစ်အတွင်း ငါးသလောက်ပိုက်ချနေစဉ် အရှည်ကိုးပေရှစ်လက်မ၊ လုံးပတ် သုံးပေငါးလက်မရှိ မိကျောင်းတစ်ကောင်ကို မတ် ၈ ရက် မွန်းတည့် ၁၂နာရီက ပိုက်အတွင်း ရစ်ထွေးနေစဉ် ဝိုင်းဝန်းဖမ်းဆီးရမိသည်။ **(ယာပုံ)** အဆိုပါ မိကျောင်းကို အစဲကလေးကျေးရွာဥက္ကဋ္ဌ ဦးစိန်လှိုင်နှင့် အဖွဲ့ဝင်များ၊ ရေလုပ်သားများနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်လင်းတို့က ငါးလုပ်ငန်း ဦးစီးဌာနသို့ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

လွှဲအပ်

ဆက်လက်၍ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်လင်းနှင့် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းစိန်တို့က ငါးလုပ်ငန်း ဦးစီးဌာန သာကေတမြို့နယ် မိကျောင်းမွေးမြူရေးစခန်းသို့ လွှဲအပ်လိုက်ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် သီရိဇေယျာ (၁၉)လမ်းနေ ဒေါ်ကျင်လှ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘဉာဏ် (ငြိမ်း) လက်ခံယူစဉ်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၃-၂၀၀၆ (တနင်္လာနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ မြတ်ဗုဒ္ဓ၏မဟာဗုဒ္ဓဝင်
- ၇း၂၅ သွားသွားလာလာကိုပါရာ (မဟာမြတ်မုနိဘုရားနှင့် ရေတော်ဆရာတော်အား ပူဇော်ကန်တော့ခြင်း)
- ၇း၅၅ တေးဂီတအစီအစဉ်
- ၈း၀၀ နိုင်ငံတကာသတင်းအကျဉ်း
- ၈း၀၅ ပုဂံယဉ်ကျေးမှုနယ်မြေမှ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ
- ၈း၂၀ တေးဂီတအစီအစဉ်
- ၈း၂၅ အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (2005 I Can Korean Student Art Show)
- ၈း၅၀ ပတ်ဝန်းကျင်ကိုအလှဆင်နေသော ရောင်စုံကွန်ကရစ် အုတ်ဘလောက်တုံးလေးများ
- ၉း၀၀ တေးဂီတအစီအစဉ်
- ၉း၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၉း၁၅ Art & Technology Talk (ဦးမြင့်မောင်ကျော်နှင့် တွေ့ဆုံခြင်း)
- ၁၀း၀၀ တေးဂီတအစီအစဉ်
- ၁၀း၀၅ မိကျောင်းမျိုးဆက် မပြုန်းတီးရေး ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေး
- ၁၀း၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၃၅ တေးဂီတအစီအစဉ်
- ၁၀း၄၀ မိုးလေဝသခန့်မှန်းချက်
- ၁၀း၄၅ လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ (အမဲစင်းကော)
- ၁၁း၀၀ တေးဂီတအစီအစဉ်
- ၁၁း၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၁၅ အသည်းရောင်အသားဝါ(စီ) ရောဂါအကြောင်း ဟောပြောချက် (အပိုင်း-၄)
- ၁၁း၃၀ လျှပ်စစ်မီးဝေဖြာ ဘိုင်းဒါးကျေးရွာ
- ၁၁း၄၀ တေးဂီတအစီအစဉ်
- ၁၁း၄၅ ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
- ၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

❀ ကျောဖုံးမှ

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩသဓာဘိဝံသအား သင်္ကန်း၊ သပိတ် အစရှိသော ပရိက္ခရာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအဂ္ဂိယအားလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့က သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံမှ အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံ ဆရာတော် ဘဒ္ဒန္တဂဏိဿရအားလည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တမဟာဝိချစ်အားလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ပုသိမ်မြို့ ကမ္ဘာအေးကျောင်းတိုက်မှ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့ခံဆရာတော် ဘဒ္ဒန္တသီရိန္ဒရအား လည်းကောင်း သင်္ကန်း၊ သပိတ်အစရှိသော ပရိက္ခရာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ အစိုးရအဖွဲ့ – အဖွဲ့ဝင် ဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဩသဓာဘိဝံသက အနုမောဒနာတရား ဟောကြားတော်မူပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ 　　　(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ငါးပါးသီလ ခံယူကြစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတေ
ဩဝါဒခံယူပွဲနှ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရွှေတိ
(၃၁)ကြိမ်မြောက် ဩဝါဒါစရိယ ဆရာတော်
စာအောင်ဆုနှင်းပွဲ၊ (၇)ကြိမ်မြောက် အသ
ရန်ကင်းမြို့နယ် ၁၆ ရပ်ကွက် မာလာမြိုင်
၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြ

၁၃ –၃ – ၂၀၀၆ (တ
(၁၃၆၇ခုနှစ်၊ တပေါင်းလပြ

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၁၅ ၂။ **တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာ ပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ တေးသရုပ်ဖော်အစီအစဉ်
၈း၀၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၈း၁၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၅ ၈။ အဆိုပြိုင်ပွဲ
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Grammar Made Easy.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ Practice in Reading.
၄း၄၀ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၄ခုနှစ်)
၄း၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅း၀၅ ၆။ အကပဒေသာ
၅း၁၅ ၇။ ဓမ္မပူဇာတေးအစီအစဉ်
၅း၂၅ ၈။ မြန်မာစာ၊ မြန်မာစကား

ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၁၂

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၂၅၉၄)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီးများက စေတီတော်ရင်ပြင်တောင်ဘက်မုခ်အနီးရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်းမှစတင်၍ စေတီတော်အား လက်ယာရစ်လှည့်လည်လျက် ဆွမ်းဆန်စိမ်း အလှူခံကြွရောက်တော်မူကြရာ စေတီတော်ဂေါပက အဖွဲ့ဝင်များ၊ ဥပဒေရုံးများဆိုင်ရာ ဗုဒ္ဓသာသနာနုဂ္ဂဟအသင်း၊ ရွှေတိဂုံစေတီတော် ဗုဒ္ဓဟူး(ညနေ) သန့်ရှင်းရေးအသင်း၊ CMA ပုညကုသလဗဟုကရအသင်း၊ စနေသန့်ရှင်းရေးအသင်း၊ အထက်ပစ္စယာ တံမြက်လှည်းအသင်း၊ သီလရက္ခိတ ဥပါသကာအဖွဲ့၊ ဝေနေယျသုခရေချမ်းစင်အသင်း၊ ရောင်တော်ဖွင့်အသင်း စသည့် ဘာသာရေးအသင်းအဖွဲ့ပေါင်း ၆၀ ကျော်နှင့် အလှူရှင်များက ငွေကျပ်သိန်း ၁၈၀ ကျော်တန်ဖိုးရှိ ဆွမ်းဆန်တော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူကြသည်။ (သတင်းစဉ်)

တိပိဋကဓရ ဆရာတော်ကြီးများပူဇော်ပွဲ

ရန်ကုန် မတ် ၁၂

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက်ဓမ္မာရုံတွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ခြောက်ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် နှစ်ပါးနှင့် တိပိဋကဓရ ဆရာတော် နှစ်ပါး ပူဇော်ပွဲကို ၁၃၆၇ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်၊ မတ် ၁၄ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီ၌ ကျင်းပမည် ဖြစ်သည်။ (က–ပ)

ကြိုဆိုပူဇော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားသို့ ကြွရောက်တော်မူရန် ပြည်ပနိုင်ငံများမှ ဆရာတော်များနှင့် သီလရှင်ဆရာကြီးများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ကြွရောက်တော်မူလာရာ ကြိုဆိုပူဇော်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်း–ကျော်ဖုံး) (သတင်းစဉ်)

ရွှေတိဂုံစေတီတော် နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ် ဩဝါဒခံယူပွဲနှင့် စာအောင်ဆုနှင်းသဘင် ကျင်းပမည်

ရန်ကုန် မတ် ၁၂

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရွှေတိဂုံစေတီတော်(စနေထောင့်) ရွှေတောင်ငွေတောင်တန်ဆောင်းရှိ နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၏ (၃၁)ကြိမ်မြောက် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပူဇော်ပွဲ၊ (၂၃)ကြိမ်မြောက် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ၏ စာအောင်ဆုနှင်းပွဲ၊ (၇)ကြိမ်မြောက် အသက်(၇၅)နှစ်အထက် အသင်းဝင်များအား သက်ကြီးပူဇော်ပွဲနှင့် အဖွဲ့ချုပ်၏ နှစ်ပတ်လည်အစည်းအဝေးပွဲများကို ရန်ကင်းမြို့နယ် ၁၆ ရပ်ကွက် မာလာမြိုင်လမ်းရှိ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၌ ၁၃၆၈ ခုနှစ် ကဆုန်လဆန်း ၁၁ ရက်၊ ၇–၅–၂၀၀၆ (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃–၃–၂၀၀၆ (တနင်္လာနေ့)

(၁၃၆၇ခုနှစ်၊ တပေါင်းလပြည့်နေ့)(ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာ ပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ တေးသရုပ်ဖော်အစီအစဉ်
- ၈:၀၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
- ၈:၁၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၅ ၈။အဆိုပြိုင်ပွဲ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၀ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၄ခုနှစ်)
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –တတိယနှစ် (သချ်ာအထူးပြု) (သချ်ာ)
- ၅:၀၅ ၆။ အကပဒေသာ
- ၅:၁၅ ၇။ ဓမ္မပူဇာတေးအစီအစဉ်
- ၅:၂၅ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅:၃၀ ၉။ မြန်မာ့ရိုးရာတောဓလေ့ ကျေးလက် တေးသံများ
- ၅:၄၅ ၁၀။ **“အားဆေး” (မိုးဒီ၊ ဇော်ထက်အောင်၊ ဆောင်းအိမ်ခြွေထွန်း) (ဒါရိုက်တာ–စောစန္ဒာလှိုင်)**
- ၅:၅၀ ၁၁။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခြင်း)
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၄။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “ရယ်ရွှင်ဆော့ပြေး ပုရွတ်ဆိတ်လေး” (အပိုင်း–၇၁)**
- ၆:၅၅ ၁၅။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၇:၀၅ ၁၆။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၇:၂၀ ၁၇။ အတီးပြိုင်ပွဲ
- ၇:၃၅ ၁၈။ တေးဂီတအစီအစဉ်
- ၇:၄၅ ၁၉။ ကြည်ညိုဦးခိုက်ဖူးလိုက်စို့ တူပျော်မန်းရွှေစက်တော်
- ၈:၀၀ ၂၀။ ပြည်တွင်းသတင်း
- ၂၁။ နိုင်ငံတကာသတင်းများ
- ၂၂။ မိုးလေဝသအခြေအနေ
- ၂၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ပျော်ရွှင်ဖွယ်နေ့ကလေးများ” (အပိုင်း–၁၇)**
- ၂၄။ သီတဂူဆရာတော် အရှင်ဉာဏိသရ၏ ရွှေဦးဆောင်းနှောင်းလတပေါင်း (အပိုင်း–၂)
- ၂၅။ **ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာ ဘာဝနာပွားများခြင်း တရားတော်**
- ၂၆။ နောက်တစ်နေ့အစီအစဉ်
- ၂၇။ အစီအစဉ်ပြီး၏။

မော်တော်ယာဉ် မသုံးစွဲရနေ့ လှည့်လည် စစ်ဆေးကြပ်မတ်

ရန်ကုန် မတ် ၁၂

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် စစ်ဆေးကြပ်မတ်ရေးအဖွဲ့ ခေါင်းဆောင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ ရဲမှူးချုပ်သန်းဟန်၊ စစ်ဆေးကြပ်မတ်ရေးကော်မတီ အတွင်းရေးမှူး ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဒိုင်း၊ တွဲဖက်အတွင်းရေးမှူး ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်နှင့် ကော်မတီဝင်များနှင့်အတူ ယနေ့ ညနေပိုင်းတွင် နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အချက်အချာကျသော နေရာများ၌ ဌာနဆိုင်ရာ မော်တော်ယာဉ်များနှင့် တပ်မတော် မော်တော်ယာဉ်များ သွားလာသုံးစွဲခြင်းစစ်ဆေးနေမှုတို့ကို လှည့်လည်စစ်ဆေး ကြပ်မတ်ကြသည်။

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိက အချက်အချာကျသော နေရာများ၌ ဌာနဆိုင်ရာ မော်တော်ယာဉ်များနှင့် တပ်မတော်မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာတပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိနှင့် မော်တော်ယာဉ်များ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

သီရိမင်္ဂလာမဟာစည် သကြ်န်တရားစခန်းပွဲ

ရန်ကုန် မတ် ၁၂

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) (၅၁)ရပ်ကွက် မြဝတီမင်းကြီး ၁ လမ်း၊ သီရိမင်္ဂလာမဟာစည် ရိပ်သာကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သကြ်န်အထူးတရားစခန်းပွဲကို ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ဓမ္မကထိက ဗဟုဇနဟိတဓရ တွံတေး အရှင် ကုန္ဒကဆရာတော်က ဧပြီ ၈ ရက်မှ ၁၇ ရက်အထိ ဟောကြားပြသမည်ဖြစ်ရာ တရားအားထုတ်လိုသော ယောဂီများ ဧပြီ ၇ ရက်ညနေ ၅နာရီအရောက် လာရောက်နိုင်ကြောင်း သိရသည်။ (က–ပ)

ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ပဲခူးတိုင်း ဝေါမြို့မှ စေတနာရှင်များ စုပေါင်းဆောက်လုပ်လှူဒါန်းသော “အလင်းစေတမန် ဓမ္မစာကြည့်တိုက်”ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (က–ပ)

ဂုဏဝိသိဋ္ဌ ပူဇာသဘင် ကျင်းပမည်

ရန်ကုန် မတ် ၁၂

မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပူဇော်ခြင်းခံရသော အင်းစိန် စော်ဘွားကြီးကုန်းရပ်ကွက် အသောကာရုံ ရွှေကျင်စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ရွှေကျင်နိကာယ ကျောက်တန်း မဟာဗောဓိတောရ ဂိုဏ်းထောက် အင်းစိန်မြို့နယ် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်(ရွှေကျင်) ဆရာတော် ဘဒ္ဒန္တနန္ဒသာရ (သာသနဓဇ ဓမ္မာစရိယ) အရှင်သူမြတ်အား တပည့် ဒါယကာ၊ဒါယိကာမများက စုပေါင်း၍ ဂုဏဝိသိဋ္ဌ ပူဇာသဘင်ကို မတ် ၁၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပြီး အကြိုတရားပွဲများအဖြစ် မတ် ၁၆ ရက်တွင် သီရိမင်္ဂလာ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက် ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ တွံတေး အရှင်ကုန္ဒက၊ မတ် ၁၇ ရက်တွင် သာကေတ ပါဠိကာရီကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအင်္ဂီသ၊ မတ် ၁၈ ရက်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါဠိဌာနပါမောက္ခ ဘဒ္ဒန္တထေရိန္ဒာဘိဝံသ တို့က ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (၆၁)

မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန်

ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အစိုးရဌာနဆိုင်ရာပိုင် မော်တော်ဆိုင်ကယ်များကိုသာ လုပ်ငန်းလိုအပ်ချက်အရ စီးနင်းခွင့်ပြုခဲ့ပြီး ဌာနဆိုင်ရာ မော်တော်ဆိုင်ကယ်များတွင်လည်း ဌာနတံဆိပ်များ ကပ်ထားရပါမည်။ ဆိုင်ကယ်စီးနင်းသူများအနေဖြင့် မော်တော်ဆိုင်ကယ်စီး ဦးထုပ်ဆောင်းလျက် မေးသိုင်းကြိုးကို သေချာစွာတပ်ဆင်ချည်နှောင် စီးနင်းကြရန်နှင့် ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ စီးနင်းခြင်း၊ နှစ်ယောက်နှင့်အထက် တင်ဆောင်စီးနင်းခြင်းများကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ထို့အပြင် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ နယ်ကျော်စီးနင်းသည့် မော်တော်ဆိုင်ကယ်များအား စစ်ဆေးတွေ့ရှိပါက အဆိုပါ မော်တော်ဆိုင်ကယ်များအား နိုင်ငံပိုင်အဖြစ် သိမ်းဆည်းပြီး စီးနင်းသူကိုလည်း ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

(၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီ၊ ပန်းပုပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၁၂

၂၀၀၆ခုနှစ် မတ် ၂၇ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ကဗျာနှင့် အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၏ ပန်းချီ၊ ပန်းပုပြိုင်ပွဲ ကျင်းပရေး ဆပ်ကော်မတီက ပန်းချီ၊ ပန်းပုပြိုင်ပွဲများကို ကျင်းပခဲ့ရာ ပန်းချီ၊ ပန်းပုပြိုင်ပွဲ အဆင့်အသီးသီး၌ ဆုရရှိသူများစာရင်းကို မတ် ၈ရက်က ထုတ်ပြန်ကြေညာသည်။

မူကြိုအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုကို မအေးငြိမ်းစံ မြို့မ အလကမူကြို ကျောက်တန်း၊ ဒုတိယဆုကို မောင်မင်းခန့်ဇော် မူကြို ဒဂုံမြို့သစ် တောင်ပိုင်း၊ တတိယဆုကို မမိုးသဉ္ဇာခိုင် အမျိုးသမီးအသင်း မူကြိုကျောင်း (ညောင်ပင်လေးဈေး)၊ အထူးဆုများအဖြစ် မသက်ထားဆွေ အထက(၁) ဆိပ်ငယ်ရပ် မြိတ်မြို့၊ မဆုထူးမြတ်ဆင့် မြို့မ အလကမူကြို ကျောက်တန်း၊ မအေးသွယ်ဇင် ပညာရေးကောလိပ် လေ့ကျင့်ရေးမူကြို တောင်ကြီး၊ မအင်ကြင်းဖြူ လူမှုဝန်ထမ်းဦးစီးဌာနမူကြို မုံရွာ၊ မချို့ဇာလွင် အလက(၃) နောက်လယ်ရပ် မြိတ်မြို့၊ မောင်ဟိန်းဇင်စိုး အလက(၃) နောက်လယ်ရပ် မြိတ်မြို့၊ မခင်ချမ်းမြေ့ ပညာရေးကောလိပ် လေ့ကျင့်ရေးမူကြို တောင်ကြီး၊ မရွှေအိမ်စံ ပညာရေးကောလိပ် လေ့ကျင့်ရေးမူကြို တောင်ကြီး၊ မနန်းဆုလာဘ်ရတနာ မူကြို(၄) အလုံ၊ မောင်ရန်လင်းမြင့် မူကြို(၄) အလုံတို့က ရရှိကြသည်။

မူလတန်း (အငယ်)အဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုကို မအေးချမ်းပွင့်ဖြူ ပထမတန်း အထက(၁) ဒဂုံ၊ ဒုတိယဆုကို မောင်ဝင်းခန့်နိုင်ဦး ဒုတိယတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ တတိယဆုကို မောင်မြတ်သီဟမောင် ပထမတန်း အလက(၁) ရန်ကင်း၊ အထူးဆုများအဖြစ် မောင်ထွန်းပြည့်စုံတိုး ဒုတိယတန်း အမက(၆) ကျောက်တံတား၊ မောင်မင်းမြတ်ပြည့်စုံ ဒုတိယတန်း အထက(၂) ဒဂုံ၊ မဖြိုးဖြိုးမြတ်သူ ဒုတိယတန်း အထက(၂)ဒဂုံ၊ မစိုးရတနာ ပထမတန်း အထက(၁) ဆိပ်ငယ်ရပ် မြိတ်မြို့၊ မမြတ်သရဖီကျော် ပထမတန်း အမက(၄၅) သာကေတ၊ မောင်ဟိန်းထက်အောင် ပထမတန်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ မောင်ဖုန်းလျှံထွန်း ဒုတိယတန်းအထက(၂) ရန်ကင်း၊ မောင်မင်းသီဟတိုး ဒုတိယတန်း အထက(၆) ဗိုလ်တထောင်၊ မသင်းဟေဒြာထွန်း ပထမတန်း အမက(၂) ကမာရွတ်၊ မောင်ထက်ဘုန်းကျော် ဒုတိယတန်း အထက(၅) ဗိုလ်တထောင်တို့က ရရှိကြသည်။

မူလတန်း(အကြီး)အဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုကို မဖူးငုံကျော် စတုတ္ထတန်း အထက(၁) ဒဂုံ၊ ဒုတိယဆုကို မမေထူးမြတ်မွန် စတုတ္ထတန်း မြို့မ အလက ကျောက်တန်း၊ တတိယဆုကို မောင်သူရပိုင်စိုး တတိယတန်း အမက(၂၄)ပုသိမ်၊ အထူးဆုများအဖြစ် မဖြူသဉ္ဇာကျော် တတိယတန်း ရှမ်းတန်း အမက တောင်ငူ၊ မောင်ကောင်းမြတ် တတိယတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ မောင်သန်းတိုးအောင် စတုတ္ထတန်း အထက(၁၄) မန္တလေး၊ မခိုင်မေသူ တတိယတန်း အလက(၁) ရန်ကင်း၊ မောင်ဝင်းမြတ်နိုင် တတိယတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ မမေမြတ်သူ တတိယတန်း အလက(၁) ရန်ကင်း၊ မောင်ကျော်ဇော်ထက် တတိယတန်း အလက(၁) ရန်ကင်း၊ မခိုင်ဆုဇာသွင် တတိယတန်း အလက(၁) ဒဂုံ၊ မနွယ်ဦးလွင် တတိယတန်း အမက(၈) သင်္ဃန်းကျွန်း၊ မောင်မျိုးမြင့်ဆက် စတုတ္ထတန်း အထက(၁) ဒဂုံတို့က ရရှိကြသည်။

အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုကို မမြတ်သီရိမောင် သတ္တမတန်း အလက(၁) ရန်ကင်း၊ ဒုတိယဆုကို မောင်စည်သူအောင် ပဉ္စမတန်း အထက(၅) တာမွေ၊ တတိယဆုကို မောင်ထက်နိုင်လင်း ဆဋ္ဌမတန်း အထက(၁) ဒဂုံ၊ အထူးဆုများအဖြစ် မပွင့်မြတ်သူ ဆဋ္ဌမတန်း အထက(၂) လသာ၊ မရွှေရည်ဝင်းထွန်း ဆဋ္ဌမတန်း အထက(၁) ကျောက်တံတား၊ မကေသန့်စင် ပဉ္စမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ မောင်ရဲရင့်နိုင်ဦး ဆဋ္ဌမတန်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ မောင်နေမျိုးဦး သတ္တမတန်း အထက(၆) ဗိုလ်တထောင်၊ မအိမ္ဗွန်ကျော် သတ္တမတန်း အထက(၃) ပဲခူး၊ မောင်အောင်ပိုင်စိုး ဆဋ္ဌမတန်း အထက(၃) ပဲခူး၊ မအေးမြတ်သူ ဆဋ္ဌမတန်း အထက(၂)လသာ၊ မဆုနန္ဒီထွန်းကျော် သတ္တမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ မနွေးရတနာထွန်း ပဉ္စမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်တို့က ရရှိကြသည်။

အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုကို မခိုင်မြတ်မျိုးထွန်းလင်း အဋ္ဌမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ ဒုတိယဆုကို မဆုဆုဇာ နဝမတန်း အထက(၁) ကျောက်တန်း၊ တတိယဆုကို မောင်သီဟတင် နဝမတန်း အထက(၁) ဒဂုံ၊ အထူးဆုများအဖြစ် မောင်ဖြိုးဝေထွန်း ဒသမတန်း အထက(၂) မြိတ်၊ မောင်ရဲတင့်ဘော် နဝမတန်း အထက(၂) ကမာရွတ်၊ မမေပိုးဝါဝင်းမြင့် အဋ္ဌမတန်း အထက(၂) သင်္ဃန်းကျွန်း၊ မခင်ချမ်းမြေ့သူ ဒသမတန်း အထက(၂) လမ်းမတော်၊ မောင်ဇင်ကိုကို ဒသမတန်း အထက(၄) အလုံ၊ မောင်ဖြိုးသက်ပိုင်ဦး အဋ္ဌမတန်း အလက(၅) သာကေတ၊ မလှရူပါအေး ဒသမတန်း အထက(၂) လမ်းမတော်၊ မောင်အောင်ကျော်ထွန်း အဋ္ဌမတန်း အထက(၅) ဗိုလ်တထောင်၊ မသဇင်သက်စုတင် အဋ္ဌမတန်း မြို့မအလက ကျောက်တန်း၊ မောင်အောင်မြိုးစည် အဋ္ဌမတန်း အထက(၂) လှိုင်သာယာတို့က ရရှိကြသည်။

အလွတ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမဆုကို သပြေမြင့်သိန်း ည-၁၄၀၅ ဘုမ္မာ(၂၁)လမ်း မြောက်ဥက္ကလာပ၊ ဒုတိယဆုကို ဦးအောင်မိုး (၈၂၂) မာဃ(၁၀)လမ်း (၁၂)ရပ်ကွက် တောင်ဥက္ကလာပ၊ တတိယဆုကို မောင်ရဲကျော်သာ (၄၈၃/က) အောင်သပြေ(၁)လမ်း ကြီးပွားရေး(တောင်) သင်္ဃန်းကျွန်း၊ အထူးဆုများအဖြစ် ဦးဇော်ထက် စက္ကူထုပ်ပိုးပြင်ထိန်း သန်လျင်၊ ဒေါ်ချိုချိုလွင် (၂၅၄) သုမနလမ်း (၁၆/၂) သင်္ဃန်းကျွန်း၊ မောင်အောင်မိုဃ်းစည် (၃၉၂/က) ဆင်ဖြူရှင်လမ်း လှိုင်သာယာ၊ ဦးသာဆိုင် စစ်ဦးစီးဌာန အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဦးမောင်မောင်(၁၉၂) အရှေ့ပိုင်း ကမ်းနားလမ်း ကျောက်တန်းတို့က ရရှိကြသည်။

အလွတ်တန်းအဆင့်(ပလာစတာ) ပန်းပုပြိုင်ပွဲတွင် ပထမဆုကို မောင်ခင်မိုးထွင်၊ ယဉ်ကျေးမှု တက္ကသိုလ် (ရန်ကုန်)၊ ဒုတိယဆုကို မောင်ခင်မောင်သန့် (၉၉၅) ငွေတောင်သစ္စာလမ်း (၃၅)ရပ်ကွက် ဒဂုံမြို့သစ် မြောက်ပိုင်း၊ တတိယဆုကို မောင်ရဲကျော်စွာ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊ အထူးဆုများအဖြစ် မောင်စိုးမင်းထွင်၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊ မောင်စိုးမြင့်သူ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊ မအေးအေးအောင်(၉၉၅) ငွေတောင်သစ္စာလမ်း (၃၅) ရပ်ကွက် ဒဂုံမြို့သစ် မြောက်ပိုင်း၊ ဦးညီမင်း ပဲခူးမြို့နယ် ရိုးရာပန်းပညာရှင်များ အစည်းအရုံး ပဲခူး၊ မောင်အောင်မိုဃ်းစည် (၃၉၂/က) ဆင်ဖြူရှင်လမ်း လှိုင်သာယာတို့က ရရှိကြသည်။

အလွတ်တန်းအဆင့် (သစ်သား) ပန်းပုပြိုင်ပွဲတွင် ပထမဆုကို ကိုဇော်လတ် ဒါးပိန်၊ ဒုတိယဆုကို ဦးကိုကိုအောင် ဒါးပိန်၊ တတိယဆုကို ကိုစိုးဝင်း ဒါးပိန်၊ အထူးဆုများအဖြစ် မောင်သာသာထွန်း ဒါးပိန်၊ မောင်အောင်ကျော်လင်း သာကေတ၊ ဦးဇော်လင်း ဒါးပိန်၊ မောင်အောင်ကျော်ကျော်လင်း ဒါးပိန်၊ ဦးသိန်းဇော် ဒဂုံမြို့သစ်မြောက်ပိုင်းတို့က ရရှိကြသည်။

ပါဝင်ယှဉ်ပြိုင်

(၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီ၊ ပန်းပုပြိုင်ပွဲသို့ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်ကောလိပ် သိပ္ပံများမှ ကျောင်းသား၊ ကျောင်းသူများနှင့် ပန်းချီ ပန်းပု ပညာရှင်များသည် အထူးစိတ်ဝင်စားစွာ ပါဝင်ယှဉ်ပြိုင်ပေးပို့ကြရာ ပြိုင်ပွဲဝင် ပန်းချီကားစုစုပေါင်း ၁၀၃၇ ကား ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပန်းပုပြိုင်ပွဲတွင် သစ်သားနှင့် ပလာစတာ ပန်းပုပြိုင်ပွဲနှစ်ရပ်စလုံး၌ ပြိုင်ပွဲဝင် ပန်းပု ရုပ်ပေါင်း ၁၃၇ ရုပ် ပါဝင်ယှဉ်ပြိုင်ကြသည်။

ပန်းချီ၊ ပန်းပု ပြိုင်ပွဲအဆင့် အသီးသီး၌ ဆုရရှိသူများအားလုံးသည် ပန်းချီ၊ ပန်းပုပြိုင်ပွဲ ပြပွဲကျင်းပရေး ဆပ်ကော်မတီ အတွင်းရေးမှူး ဦးသစ်လွင်စိုး ကထိက(ပန်းချီ) ယဉ်ကျေးမှု တက္ကသိုလ်(ရန်ကုန်) ရန်ကုန်မြို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း ၀၁-၅၉၀၂၆၀၊ ၀၁-၅၉၀၂၆၅၊ လိုင်းခွဲ ၁၁၆၊ ၀၁-၅၄၅၀၈၂ သို့ ဆက်သွယ်၍ဖြစ်စေ သတင်းပို့ကြရမည်ဖြစ်သည်။ (သတင်းစဉ်)

ဆူးလေစေတီတော် အဘိဓမ္မာပြန့်ပွားရေးအသင်းမှ နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာ ခုနှစ်ကျမ်း (အာဂမ+သဘာဝ) စာတော်ပြန်ပွဲ ပင်မငွေပဒေသာပင်အတွက် မိဘနှစ်ပါးဖြစ်ကြသော ဦးမောင်စိုး-ဒေါ်မူမူတို့အား ရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သံလွင်လမ်းနေ သား၊ သမီး၊ မြေးတစ်စုတို့က ငွေကျပ် ၁၁၀၀၀၀ ကို ဦးမျိုးခင်(အကျိုးတော်ဆောင်ချုပ်) ထံ မတ် ၉ ရက်က ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာ (ယုဇန)တိုက် (၆) နေ ဒေါက်တာသန်းဝင်းညွန့်-ဒေါက်တာအေးအေးဝင်း၊ သား မောင်ဇော်ဝင်းသန်း၊ သမီး မစုဝင်းသန်း မိသားစုက ဒဂုံမြို့နယ်၊ အမှတ် ၁၂၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တောင်ကြီးစက်မှု (အထက) အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၂

တောင်ကြီးမြို့ စက်မှု (အထက) ကျောင်းသားဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို တောင်ကြီးမြို့ ကုန်သာကျောင်းတိုက်တွင် ဧပြီ ၁ ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်သည်။ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများသည် ဆရာ ဦးကျော်ချွန် ဖုန်း-၀၈၁-၂၂၉၉၆၊ ဆရာ ဦးသောင်းထွန်း ၀၁-၇၂၂၅၇၁၊ ဆရာ ဦးစိန်မောင် ဖုန်း-၀၁-၇၀၀၁၉၈ သို့ ဆက်သွယ်နိုင်သည်။ အလှူငွေ ထည့်ဝင်လိုသူများသည် ဦးစိုးညွန့် ဖုန်း-၀၈၁-၂၁၆၅၇၊ ဦးတင်အောင် ဖုန်း-၀၉-၅၂၁၁၁၄၆၊ ဦးချစ်ထွန်း ဖုန်း-၀၉-၅၀၁၉၇၇၁၊ ဦးလှသိန်း ဖုန်း-၀၁-၂၉၅၁၇၆၊ ဦးညိုမင်းဒင် ဖုန်း-၀၁-၂၂၀၃၄၁၊ ၀၁-၂၁၇၀၀၇၊ ဒေါ်စန်းစန်းမြင့် ၀၁-၆၄၂၅၄၂၊ ဦးအေးဝင်း ဖုန်း-၀၂-၃၁၄၅၄နှင့် ဦးအောင်မြင့်သိန်း ဖုန်း-၀၆၂-၂၂၆၆၇၊ ၀၆၂-၂၁၉၃၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)



မတ် ၁၀ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေး သင်တန်းအမှတ်စဉ် (၂၅)နှင့် (၂၆)ဆင်းပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို ဆုရရှိသူ ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်ပေးအပ်စဉ်။ (ကြေးမုံ)

သင်္ဃန်းကျွန်းမြို့နယ် အမက (၂၄)ကျောင်း ပညာရည်ချွန်ဆုပေးပွဲကို မတ် ၁၀ ရက်တွင် ကျင်းပရာ စတုတ္ထတန်း ပထမဆုရရှိသူ မောင်အောင်မင်းသန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မွေးမွေး ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)



မီးသတ်စက်များ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၁၂

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ သင်္ဃန်းကျွန်းမြို့နယ်၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ ငမိုးရိပ် ရေပိုက်လိုင်း ထိန်းသိမ်းရေးကော်မတီမှ မြို့နယ် မီးသတ်ဦးစီးဌာနသို့ အပေါ့စား မီးသတ်စက်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ခိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တစ်လုံးလျှင် ကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ အပေါ့စား မီးသတ်စက်နှစ်လုံးကို ရေပိုက်လိုင်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးစိုးတင့်နှင့် အတွင်းရေးမှူးဦးမောင်မြိုင်တို့က မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းထွင်အား ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)** (၅၀၆)

(13-3)10.P65 1 1/2/32, 6:59 AM

ပြည်သူများ ဝယ်ယူအားပေးမှုများလာသည့် စက်မှု(၁) အထူးဈေးရောင်းပွဲတော်

သတင်းမှတ်စု –ကျော်(စက်မှု)၊ ဓာတ်ပုံ – သန့်ဇင်ထွန်း(ကြေးမုံ)

ရန်ကုန် မတ် ၁၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စက်မှုနိုင်ငံတော်အဖြစ် ကူးပြောင်းရောက်ရှိရေးနှင့် စပ်လျဉ်း၍–

" စက်မှု နိုင်ငံတော်အဖြစ် ကူးပြောင်း ရောက်ရှိရေး အတွက် အခြေခံကောင်းများ ရရှိရန် ဖြစ်ကြောင်း၊ အဓိက ရည်ရွယ်ချက်မှာ သွင်းကုန် အစားထိုး စက်မှုလုပ်ငန်းများ နှင့် နိုင်ငံတော်အတွက် အဓိက လိုအပ်သော စက်မှုလုပ်ငန်း များ ထူထောင်သွားနိုင်ရန် ဖြစ်ကြောင်း"

လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန် မှာကြားချက်နှင့်အညီ အမှတ်(၁) စက်မှုဝန်ကြီးဌာနသည် သွင်းကုန် အစားထိုး ထုတ်ကုန်ပစ္စည်းများ၏ ထုတ်လုပ်မှုလုပ်ငန်းများကို အရှိန် အဟုန်မြှင့် ဆောင်ရွက်နေသည်။ ထို့အတူ ထုတ်လုပ်ပြီး ပစ္စည်းများ အား ချိုသာသော ဈေးနှုန်းဖြင့် ပြည်သူတို့ လက်ဝယ်တိုက်ရိုက် ရောက်ရှိရန် ဝင်းသူဇာ အရောင်း ဆိုင်များတိုးမြှင့်ကာ ဖွင့်လှစ်ရောင်းချ ပေးလျက်ရှိရာ အောင်မြင်မှုများ ရရှိ နေပေသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန အနေဖြင့် ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေး ကောင်းမွန်ရေးကို လည်း လစ်ဟင်းမှုမရှိရန် သုတေသန ပြု ဆောင်ရွက်နေကြောင်း သိရ သည်။

စက်မှု(၁) အထူးဈေးရောင်းပွဲတော်တွင် လာရောက်ဝယ်ယူအားပေးကြသည့် ပရိသတ်များဖြင့် စည်ကားနေစဉ်။

ဓာတ်ပုံ–သန့်ဇင်ထွန်း(ကြေးမုံ)

တစ်ချိန်တည်းမှာပင် ထုတ်လုပ်မှု လုပ်ငန်းတာဝန်များအပြင် ဖြန့်ဖြူးမှု တာဝန်များကိုပါ ဟန်ချက်ညီစွာ ဆောင်ရွက်လျက်ရှိသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန အောက်ရှိ စက်ရုံအလုပ်ရုံ များမှ သွင်းကုန်အစားထိုး အဝတ်အထည် များ၊ စားသောက်ကုန်များ၊ ဆေးဝါး များ၊ အိမ်ဆောက်ပစ္စည်းများ၊ စာရေး ကိရိယာများ၊ အပ်ချုပ်စက်၊ စက်ဘီးများ နှင့် နေ့စဉ်မရှိမဖြစ် သုံးစွဲနေရသည့် လူသုံးကုန် ပစ္စည်းများကို ထုတ်လုပ်ပြီး ချိုသာသောဈေးနှုန်းဖြင့် ပြည်သူများ လက်ဝယ်သို့ တိုက်ရိုက် ရောက်ရှိရန် ဖြန့်ဖြူး ပေးနေသည်ကို တွေ့ရ သည်။

အဓိက ကုန်စည်ဖြန့်ဖြူးရာနေရာများမှာ ဝင်းသူဇာ အရောင်းဆိုင်များဖြစ်ပြီး ရန်ကုန်မြို့တွင် အရောင်းဆိုင် ၁၅ဆိုင်၊ အမြို့မြို့အနယ်နယ်တွင် ၃၈ဆိုင် စုစုပေါင်း ဝင်းသူဇာအရောင်းဆိုင် ၅၃ ဆိုင်ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း သိရ သည်။

ထို့ပြင်(၅၉)နှစ်မြောက်ပြည်ထောင်စု နေ့ ဂုဏ်ပြု အထူးဈေးရောင်းပွဲတော်ကို ပထမအကြိမ်အဖြစ် ရန်ကုန်မြို့ အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝင်းအတွင်း၌ ဖေဖော်ဝါရီ ၁ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့ရာ ၁၁ရက် ကာလအတွင်း ထုတ်ကုန်ပစ္စည်းကျပ် ၅၁၈ ဒသမ ၈၉၇ သန်း ရောင်းချခဲ့ရသည်။

ဒုတိယအကြိမ်အဖြစ် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၅ X ၇၁ လမ်းထောင့် မဟာနွယ်စဉ် အားကစား ကွင်း၌(၆၁)နှစ်မြောက် တပ်မတော်နေ့ အကြို အမှတ်(၁) စက်မှုဝန်ကြီးဌာန ၏ အထူးဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၈ ရက်အထိ ပြုလုပ်ခဲ့ရာ ၁၂ ရက်အတွင်း ပြည်သူ များက ကျပ် ၆၇၅ ဒသမ ၂၄၁ သန်းဖိုး ဝယ်ယူအားပေးခဲ့ကြသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ပြုလုပ်သည့် ဈေးပွဲတော် နှစ်ရပ်ပေါင်း ၌ စက်မှု(၁)ထုတ်ကုန်များ ရောင်းချ ရငွေ စုစုပေါင်းမှာ ကျပ် ၁၁၉၄ ဒသမ ၁၃၈ သန်းဖြစ်ကြောင်း သိရသည်။

ယခုတတိယအကြိမ်အဖြစ် အမှတ် (၁)စက်မှုဝန်ကြီးဌာနမှ(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို သောအားဖြင့် ဈေးရောင်းပွဲတော်ကို မတ် ၁၀ ရက်မှစတင်၍ ၁၉ ရက်အထိ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ရပ်ကွက် မယ်လမုဘုရားနှင့် မျက်နှာချင်းဆိုင်ရှိ မြေကွက်လပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက် ရှိရာ ပြည်သူများအနေဖြင့် အရည် အသွေးကောင်းပြီးချိုသာသောဈေးနှုန်း ဖြင့် လူသုံးကုန်ပစ္စည်းများကို ဝယ်ယူ အားပေးလျက်ရှိကြောင်း လေ့လာ တင်ပြလိုက်ရပါသည်။ ။

စက်မှု(၁) အထူးဈေးရောင်းပွဲတော်တွင် ပြသထားသည့် ဘက်ထရီအားသုံး ပြည်တွင်းဖြစ် စက်ဘီးများကို တွေ့ရစဉ်။

ဓာတ်ပုံ–သန့်ဇင်ထွန်း(ကြေးမုံ)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော် ပြည်နယ်၊ တိုင်းများတွင် ဆက်လက်ကျင်းပသွားမည်

ရန်ကုန် မတ် ၁၂

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို စစ်ကိုင်းတိုင်း မုံရွာမြို့ တိုင်းပြည်သူ အားကစားကွင်း၌ မတ် ၁၇ ရက်မှ စတင်၍ နေ့စဉ် နံနက် ၈နာရီမှ ည၈နာရီ အထိ ကျင်းပသွားမည်ဖြစ်ရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ထုတ်ကုန်ပစ္စည်း မျိုးစုံကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ပြည်သူများသက်သာချောင်ချိစွာ ဝယ်ယူ နိုင်ရန်အတွက် ဖေဖော်ဝါရီ ၁ရက်မှ ၇ရက်အထိ ရန်ကုန်မြို့ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝင်းအတွင်း၌ လည်းကောင်း၊ ဒုတိယအကြိမ်ဈေးရောင်း ပွဲတော်ကို မန္တလေးမြို့၌လည်းကောင်း ကျင်းပပြီးစီးခဲ့ပြီး တတိယအကြိမ် ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၌ ကျင်းပလျက်ရှိသည်။ စတုတ္ထအကြိမ် ဈေးရောင်းပွဲတော်ကို မုံရွာမြို့၌ ကျင်းပရန်စီစဉ်ထားရှိပြီး ဆက်လက်၍ အခြားပြည်နယ်နှင့် တိုင်း အသီးသီးရှိ မြို့နယ်များ၌ ဈေးရောင်း ပွဲတော်များ ကျင်းပသွားရန် စီစဉ်ထားသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မူလတန်းကြိုကျောင်းပေါင်းစုံ ကာယ၊ ဉာဏ ဘက်စုံစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် မတ် ၁၂

၂၀၀၆ခုနှစ် ရန်ကုန်တိုင်း မူလတန်း ကြိုကျောင်းပေါင်းစုံ ကာယ၊ ဉာဏ ဘက်စုံစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်း အနားကို မတ် ၁၀ရက် နံနက် ၉နာရီ တွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ လူမှု ဝန်ထမ်းဦးစီးဌာန အမှတ်(၄) မူလတန်း ကြိုကျောင်းခန်းမ၌ ကျင်းပသည်။

၂၀၀၆ ခုနှစ် ရန်ကုန်တိုင်း မူလတန်း ကြိုကျောင်းပေါင်းစုံ ကာယ၊ ဉာဏ ဘက်စုံစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိကြသည့် မူကြိုရင်သွေးငယ်များနှင့် တံခွန်စိုက်ဆု ရရှိသော မူလတန်းကြိုကျောင်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း **(အပေါ်ပုံ)** အလှူရှင်များနှင့် တာဝန်ရှိ သူများက ဆုများကို ချီးမြှင့်ကြသည်။

ဆက်လက်၍ အလှူငွေနှင့် ပစ္စည်း များကိုပေးအပ်ရာ အလှူရှင် United Pharma Co., Ltd.က ငွေကျပ် ၃၁၁၃၅၅ တန်ဖိုးရှိ ကလေး ကစားစရာ ပစ္စည်းများ၊ ဦးမောင်မောင်၊ ဦးမောင်မောင်စိန်နှင့်ညီများ(ဂရိတ်ဝေါလ် တိုင်းရင်းဆေးထုတ်လုပ်ရေး)က အလှူ ငွေကျပ်သုံးသိန်း၊ သီရိသုဓမ္မသီဂီ ဒေါ်အေးမြနွယ်(ပုဂံဟိုတယ်)က အလှူငွေ ကျပ် သုံးသိန်းနှင့် ကျန်အလှူရှင်များက အလှူငွေစုစုပေါင်း ငွေကျပ် ၂၂၆၈၅၀၀ ကို ပေးအပ်လှူဒါန်းကြရာ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်းနှင့် တာဝန်ရှိ သူ များက လက်ခံကြပြီး ဂုဏ်ပြု မှတ်တမ်းလွှာများကို ပြန်လည်ပေးအပ် ကြသည်။ (သတင်းစဉ်)

စမ်းချောင်းမြို့နယ် ခြံစည်းရိုး ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို မတ် ၁၁ ရက်က ကိုးထပ်ကြီးဘုရား ရှေ့ မြေပေါ်တွင် ဝန်ထမ်းများနှင့် ဂေါပကအဖွဲ့ဝင်များ စိုက်ပျိုးကြရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များ၊ ရပ်ကွက်ဥက္ကဋ္ဌများ ကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။

(ဝ၄)

ကုန်သည် စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူး အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန် ဂျီနီဗာမြို့သို့ထွက်ခွာ

ရန်ကုန် မတ် ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မတ်၁၄ရက်မှ ၁၆ရက်အထိ World Intellectual Property Organization (WIPO)က ကြီးမှူးကျင်းပမည့်အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက် ရန်အတွက် ယနေ့ညနေ ၅နာရီတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးထွန်းအောင်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက် ကြသည်။ **(ဝဲပုံ)** (သတင်းစဉ်)



အင်္ဂါဂြိုဟ်၏ ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းသို့ နာဆာ၏ စူးစမ်းလေ့လာရေးဂြိုဟ်ပတ်ယာဉ် ဝင်ရောက်



၂၀၀၅ခုနှစ် ဩဂုတ် ၁၂ ရက်က ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် စခန်းမှ အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေး ဂြိုဟ်ပတ်ယာဉ်အား တင်ဆောင်ထားသည့် ဒုံးပျံယာဉ်ကို လွှတ်တင်ခဲ့စဉ်။
(ဓာတ်ပုံ-အင်တာနက်)

လော့စ်အိန်ဂျလိစ် မတ် ၁၂

နာဆာက လွှတ်တင်ထားသော စူးစမ်းလေ့လာရေးဂြိုဟ်ပတ်ယာဉ်တစ်စီးသည် မတ် ၁၁ ရက် မွန်းလွဲပိုင်းက အင်္ဂါဂြိုဟ်၏ ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်သွားပြီဖြစ်ကြောင်း အာကာသမစ်ရှင် ထိန်းချုပ်ရေးမှူးများက ပြောကြားသည်။

ဝင်ရောက်

အင်္ဂါဂြိုဟ်လေ့လာရေး ဂြိုဟ်ပတ်ယာဉ်သည် အင်္ဂါဂြိုဟ်၏ ဂြိုဟ်ပတ်လမ်းအတွင်းသို့ ဝင်ရောက်နိုင်ရန် အစီအစဉ်အတိုင်း လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ဂြိုဟ်ပတ်လမ်းအတွင်းသို့ ဝင်ရောက်သွားပြီးနောက် ယင်းဂြိုဟ်၏ ဆွဲအားအတွင်းရှိနေပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် ပါဆာဒီးနားမြို့ရှိ ဂျက်တွန်းကန်အားသုတေသနဌာနရှိ မစ်ရှင်ထိန်းချုပ်ရေးမှူးများက ပြောကြားသည်။

အင်္ဂါဂြိုဟ်လေ့လာရေး ဂြိုဟ်ပတ်ယာဉ်သည် အင်္ဂါဂြိုဟ်၏ ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်သွားရာ မစ်ရှင်ထိန်းချုပ်ရေးမှူးများက ဩဘာပေးခဲ့ကြသည်။

အင်္ဂါဂြိုဟ်ကို ဂြိုဟ်နီကြီးဟူ၍လည်း ခေါ်ဝေါ်သည်။ သိပ္ပံပညာရှင်များသည် ဂြိုဟ်နီကြီးကို လေ့လာရန် (၂)နှစ်ကြာမြင့်မည့် အာကာသမစ်ရှင်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

အင်္ဂါဂြိုဟ်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်သို့ဦးတည်သည့် မိုင်ပေါင်း ၃၀၆ သန်း အကွာအဝေးရှိ ခရီးကိုနှင်ရန် ယမန်နှစ် ဩဂုတ်လက ကမ္ဘာမြေပြင်မှ ထွက်ခွာသွားသည်။ ဂြိုဟ်ပတ်ယာဉ်သည် ခုနစ်လကြာမျှ ခရီးနှင်ခဲ့ပြီးနောက် အစီအစဉ်အတိုင်း မတ် ၁၀ ရက် ပစိဖိတ်စံတော်ချိန် မွန်းလွဲ ၁ နာရီ ၂၄မိနစ်တွင် အင်္ဂါဂြိုဟ်၏ ဂြိုတ်ပတ်လမ်းအတွင်းသို့ ဝင်ရောက်သွားခြင်းဖြစ်သည်။ အဆိုပါဂြိုတ်ပတ်ယာဉ်သည် လာမည့် ခြောက်လတာကာလတွင် အင်္ဂါဂြိုဟ်ကို လှည့်ပတ်ကာ သုတေသနသတင်းအချက်အလက်များ ရယူမည်ဖြစ်သည်။

အင်တာနက်။

ကြေးမုံ The Mirror

အင်တာနက် သတင်းများ

ခရစ္စတိုဖာကိုလံဘတ်စ်မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာ ပဟေဠိပုစ္ဆာ နိုင်ငံတကာသုတေသနပညာရှင်များ အဖြေရှာရန် လေ့လာလျက်ရှိ

ရောမ မတ် ၁၂

နယ်မြေစူးစမ်းရှာဖွေသူ ခရစ္စတိုဖာကိုလံဘတ်စ် ကွယ်လွန်အနိစ္စရောက်ရှိပြီးနောက် နှစ်ပေါင်း ၅၀၀ ခန့်အကြာတွင် မျိုးဗီဇသုတေသီများပါဝင်သော အဖွဲ့တစ်ဖွဲ့သည် ကိုလံဘတ်စ်နှင့် ပတ်သက်နေသည့် ပဟေဠိဆန်သော မေးခွန်းနှစ်ရပ်ကို အဖြေထုတ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။ သုတေသီများသိရှိလိုသော အဖြေနှစ်ရပ်မှာ ကိုလံဘတ်စ် မည်သည့်နေရာ၌ မွေးဖွားခဲ့သည်၊ မည်သည့်နေရာ၌ ကွယ်လွန်အနိစ္စရောက်ရှိခဲ့သည်ဆိုသော မေးခွန်းများနှင့် သက်ဆိုင်လျက်ရှိသည်။

ခရစ္စတိုဖာကိုလံဘတ်စ်သည် အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်သန်းကာ အမေရိကတိုက်ကို ၁၄၉၂ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ရှာဖွေတွေ့ရှိခဲ့သည်။ နယ်မြေစူးစမ်းလေ့လာသူနှင့် ကုန်သည်ကြီးတစ်ဦးဖြစ်သူ ကိုလံဘတ်စ်၏ ရွက်သင်္ဘောများနှင့် ပုံသဏ္ဌာန်တူ ပြုလုပ်ထားသည့် ရွက်သင်္ဘောများကို စပိန်ဆိပ်ကမ်း ဟူးလ်ဗားအနီးတွင် တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကိုလံဘတ်စ် မွေးဖွားသည့်နေရာနှင့် ကွယ်လွန်အနိစ္စရောက်ရှိသည့် နေရာတို့နှင့်ပတ်သက်၍ အငြင်းပွားလာမှုမှာ ယခုအခါ ရာစုနှစ် တစ်စုကျော်မျှ ရှိခဲ့ပြီဖြစ်သည်။ ကိုလံဘတ်စ်သည် အီတလီနိုင်ငံ ဂျီနိုအာမြို့သား ဖြစ်သည်ဆိုသော သမားရိုးကျ ယူဆလာသည့် အချက်နှင့်ပတ်သက်၍ သမိုင်းပညာရှင်များက မေးခွန်းထုတ်လာမှုမှာလည်း ကြာမြင့်ခဲ့ပြီဖြစ်သည်။ ကိုလံဘတ်စ်သည် စပိန်နိုင်ငံသား ဂျူးလူမျိုးတစ်ဦးဖြစ်သည်၊ ခေါမလူမျိုးတစ်ဦးဖြစ်သည်၊ စပိန်ဘာ့စ်ဒေသသား တစ်ဦးဖြစ်သည်၊ ပေါ်တူဂီလူမျိုးတစ်ဦးဖြစ်သည် စသည်ဖြင့် နိုင်ငံများအတွင်း အငြင်းပွားခဲ့ကြသည်။

အခိုင်အမာပြောဆို

ကိုလံဘတ်စ်၏ ရုပ်ကြွင်း တည်ရှိရာနေရာနှင့်ပတ်သက်၍ပင် အငြင်းပွားမှုများ ဖြစ်ပေါ်နေသည်။ ၁၅၀၆ခုနှစ် မေလတွင် သေဆုံးသွားသော ကိုလံဘတ်စ် နောက်ဆုံးခေါင်းချခဲ့ရာ နေရာမှာ မိမိတို့နိုင်ငံတွင်ဖြစ်သည်ဟု ဒိုမီနီကန် သမ္မတနိုင်ငံနှင့် စပိန်နိုင်ငံတို့က အခိုင်အမာပြောဆိုနေကြသည်။

အီတလီ၊ အမေရိကန်နှင့် ဂျာမန် လူမျိုးများပါသော သုတေသနအဖွဲ့တစ်ဖွဲ့သည် ကိုလံဘတ်စ်၏ ညီအစ်ကိုတော်စပ်သူနှင့် သားဖြစ်သူတို့၏ အရိုးများဆိုသော အရိုးစုမှ ဒီအင်န်အေနမူနာများကိုရယူကာ လေ့လာလျက်ရှိကြသည်။ သုတေသီများ၏ ရည်ရွယ်ချက်မှာ စပိန်နိုင်ငံ အနောက်ပိုင်း ဆီဗီးလ်မြို့တွင် တွေ့ရှိခဲ့ရသော ကိုလံဘတ်စ်အရိုးရုပ်ကြွင်း၏ ဒီအင်န်အေနှင့် နှိုင်းယှဉ်လေ့လာရန်ဖြစ်သည်။

ဆီဗီးလ်မြို့တွင် တွေ့ရှိရသော ကိုလံဘတ်စ်အရိုးစုများသည် စစ်မှန်မှုရှိသည်ဟု ယူဆရကြောင်း သုတေသီများက ပြောကြားသည်။ သို့ရာတွင် လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ယခုနှစ်နှောင်းပိုင်းရောက်မှသာ တရားဝင် ထုတ်ပြန်မည်ဖြစ်သည်။

၁၈၇၇ခုနှစ်တွင် ဒိုမီနီကန်နိုင်ငံမှ အလုပ်သမားများသည် ကက်သီဒရယ်ဘုရားကျောင်းဝင်းအတွင်း တူးဖော်မှုပြုလုပ်စဉ် အရိုးစုများပါဝင်သော ခဲကြုတ်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။ ကိုလံဘတ်၏ အရိုးစုများသည် ၁၇၉၅ ခုနှစ်တွင် ဒိုမီနီကန်မှ ကျူးဘားသို့ ရောက်ရှိသွားခဲ့ကြောင်း၊ နောက်ထပ်နှစ်ပေါင်း ၁၀၀ ခန့်အကွာတွင် အရိုးစုများသည် စပိန်သို့ ရောက်သွားကြောင်း သုတေသီတစ်ဦးက ပြောကြားသည်။

အဆိုပါ ခဲကြုတ်ပေါ်တွင် စာတန်းတစ်ခုပါရှိကြောင်း၊ ယင်းစာတန်းမှာ စပိန်ဘာသာစကားအရ ခရစ္စတိုဖာကိုလံဘတ်စ်ဟူ၍ ရေးသားထားခြင်းဖြစ်ကြောင်း သုတေသီက ဆက်လက်ပြောကြားသည်။ **အင်တာနက်။**

ကြေးပိဋကတ်တော်ပြုလုပ်ရန် အလှူငွေများ လှူဒါန်း

ရန်ကုန် မတ် ၁၂

ပိဋကတ်ကျမ်းစာတော်များကို ကြေးပြားတွင် ရေးထွင်း၍ ကြေးပိဋကတ်တော်တစ်ဆူ ပြုလုပ်လှူဒါန်းလျက်ရှိရာ ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (သာသနာ့ဓဇ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)၊ မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာ ရွှေကျင်တိုက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်(ဖုန်း-၅၄၈၈၀၅)ထံသို့ ကွယ်လွန်သူမိဘများအား ရည်စူး၍ စမ်းချောင်းမြို့နယ်၊ ကျောင်းကုန်းလမ်းနေ ဒေါ်မြသောင်း မိသားစု၊ ကွယ်လွန်သူ ဗိုလ်ကြီးထင်အောင်အား ရည်စူး၍ မော်ဘီမြို့နယ် ကိုးလုံးကွင်းရပ်ကွက်နေ ဇနီးဒေါ်စိန်စိန်၊ ကွယ်လွန်သူ ဖခင်ဗိုလ်ကြီးထင်အောင်အား ရည်စူး၍ မော်ဘီမြို့နယ် ကိုးလုံးကွင်းရပ်ကွက်နေ သားသမက် ဦးသိန်းဟန်-ဒေါ်ရီရီသွင်၊ မောင်တင်စိုး-ဒေါ်သွယ်သွယ်အောင်၊ မောင်ခင်မောင်ဇော်-ဒေါ်သင်းသင်းအောင် မိသားစု၊ နှစ်ဖက်သော မိဘများအား ရည်စူး၍ ဗဟန်းမြို့နယ်၊ တင့်ဆန်းလမ်းနေ ဦးထွန်းစိန်-ဒေါ်ကျော့ထွေးမိသားစု (သမဦးစီးအရာရှိ)၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်လမ်းနေ မိဘနှစ်ပါး အမှူးထား၍ သမီး မစုလှိုင်ထွန်း၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်မှ ကွယ်လွန်သူဒေါ်ရီရီ၏ တစ်နှစ်မြောက် အထိမ်းအမှတ်အဖြစ် ကျန်ရစ်သူများက ကြေးပြားတစ်ချပ်စီ လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (က-ပ)

ဗုဒ္ဓဒေသနာသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် မတ် ၁၂

ဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအဖွဲ့ ပဓာနနာယကဆရာကြီး ဦးဌေးအောင် (မဟာသဒ္ဓမ္မဇောတိကဓဇ)၏ စနစ်သစ်နည်းဖြင့် လေ့လာသင်ကြားသော (၂၃)ကြိမ်မြောက် ဗုဒ္ဓဒေသနာသင်တန်းကို ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး၊ အာဇာနည်လမ်း၊ ရှင်သာမဏောဓမ္မဗိမာန်၌ မတ် ၁၈ရက် (စနေနေ့)မှစ၍ မေ ၁၄ ရက်(တနင်္ဂနွေနေ့)အထိ အပတ်စဉ်(စနေ၊ တနင်္ဂနွေနေ့)တိုင်း ညနေ ၃ နာရီမှ ၅ နာရီအတွင်း ဓမ္မဒါန သင်ကြားပို့ချမည်ဖြစ်ပြီး ဗုဒ္ဓနည်း နာမ်ရုပ်လေ့ကျင့်ရေးအလုပ်စခန်းကို မေ ၁၈ ရက်မှ ၂၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း ဖွင့်လှစ်မည်ဖြစ်၍ တက်ရောက်နာကြား ပွားများနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ထီးတန်းအိမ်ရာနေ ကွယ်လွန်သူ ဦးကျော်ဝင်းအား ရည်စူး၍ ကျန်ရစ်သူမိသားစုတို့က ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် အထွေထွေပဒေသာပင် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

သဲအင်းဂူ အဓိဋ္ဌာန်ခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၂

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူ ဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ရန်ကုန်မြို့လုံးဆိုင်ရာ ဩဝါဒါစရိယ ပဓာန ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တသီဟ(ပုသိမ်) အရှင်သူမြတ်က မတ် ၁၉ ရက်မှ ၂၆ ရက်အထိ ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းဖွင့်လှစ်၍ သမထဝိပဿနာ တရားတော်များ ချီးမြှင့်ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် မတ် ၁၈ ရက်(စနေနေ့) ညနေ ၅ နာရီအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ထိရောက်စွာ အရေးယူမည်

ရန်ကုန်တိုင်းအတွင်း မော်တော်ယာဉ်များတွင် ကားမှန်များအား စတေကာကပ်ခြင်း၊ လေစုပ်ခွက်ကပ်ခြင်း၊ လိုက်ကာများ ကာရံခြင်းဖြင့် အကာအကွယ်ယူ၍ ဒုစရိုက်မှုများ ကျူးလွန်ခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် ၁၉၉၈ ခုနှစ် ဧပြီလမှစ၍ ထိရောက်သော ဒဏ်ငွေများ သတ်မှတ်ပြီး အရေးယူခြင်းများ ဆောင်ရွက်ခဲ့သဖြင့် စတေကာကပ်ခြင်းများ ရပ်တန့်သွားခဲ့ပါသည်။ သို့သော် ယခုအခါ အချို့ယာဉ်များသည် မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကို လျစ်လျူရှု၍ စတေကာများ၊ လေစုပ်ခွက်များ၊ လိုက်ကာများ ပြန်လည် တပ်ဆင်ကာ စည်းကမ်းချိုးဖောက်လျက်ရှိကြောင်း တွေ့ရှိနေရပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းအတွင်း စတေကာများ၊ လေစုပ်ခွက်များနှင့် လိုက်ကာများ ကာရံခြင်းများ ပြုလုပ်မောင်းနှင်လျက်ရှိသည့် မော်တော်ယာဉ်များအား ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၉) ချယ်လ်ဆီးက စပါးအသင်းကိုအနိုင်ရ

လန်ဒန် မတ် ၁၂

အင်္ဂလန် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ် (၂၉)ကို စနေနေ့က ကျင်းပသည်။ လန်ဒန်မြို့ခံ ပြိုင်ဘက် အသင်းနှစ်သင်းဖြစ်သော ချယ်လ်ဆီးအသင်းနှင့် တော့တင်ဟမ်ဟော့စပါးအသင်းတို့၏ ပွဲတွင် ချယ်လ်ဆီးအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

စတန်းဖို့ဒ်ဘရစ်ဂျ်ကွင်းတွင် ကျင်းပသည့် ယင်းပွဲတွင် ပြင်သစ်လူမျိုးနောက်တန်းလူ ဝီလျံဂေါလပ်စ်က ဒဏ်ရာရအစားဖြည့်အချိန်ပို၌ ချယ်လ်ဆီးအသင်းအတွက် အနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။

ပွဲချိန် ၁၄မိနစ်တွင် ချယ်လ်ဆီးအသင်းမှ အက်ဆီယန်က အဖွင့်ဂိုးသွင်းယူကာ ၎င်း၏အသင်းကို ဦးဆောင်ကစားစေခဲ့သည်။ သို့ရာတွင် စပါးကွင်းလယ်ကစားသမား ဂျာမိန်းလင်းနပ်စ်က ပထမပိုင်းပြီးဆုံးခါနီးတွင် ချေပဂိုးသွင်းယူခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ယခုပွဲတွင် အနိုင်ရရှိခြင်းဖြင့် ချန်ပီယံဆုဖလားကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် ပိုမို၍ အခွင့်အလမ်းသာလာသည်။ ချယ်လ်ဆီးအသင်းသည် ၇၅မှတ်ဖြင့် ဦးဆောင်လျက်ရှိပြီး မန်ချက်စတာယူနိုက်တက်အသင်းထက် ၁၈မှတ် အသာရရှိထားသည်။

ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့် ရက်သတ္တပတ်က ကျင်းပခဲ့သည့် ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲတွင် အရှုံးနှင့်ရင်ဆိုင်ခဲ့ရပြီးနောက် ပရီမီယာလိဂ်ပြိုင်ပွဲ၌ အောင်ပွဲခံခြင်းဖြစ်သည်။

ဘော်လ်တန်–ဝက်စ်ဟမ်းယူနိုက်တက်

အင်္ဂလန်ဘော်လတန်မြို့ရှိ ရီးဘွတ်အားကစားကွင်းတွင် ကျင်းပသော ဘော်လ်တန်အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့၏ပွဲ၌ အိမ်ရှင်အသင်းက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ အမှတ်ပေးဇယားတွင် ပဉ္စမနေရာတွင်ရှိနေသော ဘော်လ်တန်အသင်းသည် ဝက်စ်ဟမ်းအသင်းကို ဂိုးအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မတ် ၁၁ ရက်က အင်္ဂလန် ဘော်လ်တန်မြို့ရှိ ရီးဘွတ် အားကစားကွင်းတွင် ဘော်လ်တန်အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အဖွင့်ဂိုး

ပွဲချိန် ၁၂ မိနစ်တွင် ဘော်လ်တန်အသင်းက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ရီကာဒိုဗက်စ်တေးကန်လိုက်သော ဘောလုံး ဂိုးတိုင်ထိမှန်ကာ ပြန်ထွက်လာပြီးနောက် စတယ်လ်လီယိုဂီယန်နာကိုပူးလော့စ်က လျှပ်တစ်ပြက် ကန်သွင်းယူခဲ့သည်။ ပွဲချိန် ၃၃ မိနစ်တွင် ဂရိလူမျိုး လက်ရွေးစင် ဘောလုံးသမားဖြစ်သည့် ဂီယန်နာကိုပူးလော့စ်က ဘော်လ်တန်အသင်းအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူခဲ့သည်။

ပထမပိုင်းမပြီးဆုံးမီတွင် ဘော်တန်အသင်းမှ ဂါရီစပိဒ်က ဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၇၈မိနစ်တွင် ဝက်စ်ဟမ်းအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ဝါရင့်တိုက်စစ်မှူး တက်ဒီရှာရင်ဂမ်က သွင်းခဲ့ပြီး ပွဲချိန် ၈၁မိနစ်တွင် ဟင်နရီပီဒါဆင်၏ ပွဲသိမ်းဂိုးဖြင့် ဘော်တန်အသင်းအောင်ပွဲခံခဲ့သည်။

အခြားပွဲရလဒ်များ

ဘာမင်ဂမ်	(၁)	ဝက်စ်ဘရွန်း	(၁)
ဘလက်ဘန်း	(၂)	ဗီလာ	(၀)
အဲဗာတန်	(၃)	ဖူလ်ဟမ်	(၁)
ပို့စ်မောက်	(၂)	မန်စီးတီး	(၁)
ဆန်းဒါးလန်း	(၀)	ဝီဂန်	(၁)
ဘော်တန်	(၄)	ဝက်စ်ဟမ်း	(၁)

၁၂–၃–၂၀၀၆ (တနင်္ဂနွေနေ့) ရလဒ်

မန်ယူ	(၂)	နယူးကာဆယ်	(၀)
အာစင်နယ်	(၂)	လီဗာပူး	(၁)

အမ်အင်အေ၊ရိုက်တာ။

မတ် ၁၁ ရက်က ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်းမှ ရောဘတ်ဟတ်နှင့် စပါးအသင်းမှ တီပူးတိုင်နီနိုတို့ ဘောလုံးယှဉ်လုကြစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

မြေ့လျှပ် (The Mirror) ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် အမှုဆောင်အစည်းအဝေး ကျင်းပ

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၏ အလုပ်အမှုဆောင် အထူးအစည်းအဝေးကို မတ် ၁၀ရက် ညနေ ၆နာရီက ကန်တော်မင်္ဂလာပန်းခြံဝင်းအတွင်းရှိ ရှမ်းကန်စားသောက်ဆိုင်တွင်ကျင်းပရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။ အစည်းအဝေးတွင် အဖွဲ့ချုပ်၏ရှေ့လုပ်ငန်းစဉ်များ၊ ပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပရေးကိစ္စများ၊ အီရန်နိုင်ငံတွင် မေ ၁၃ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် (၅)ကြိမ်မြောက် အာရှဘိလိယက်ပြိုင်ပွဲနှင့် ကာတာနိုင်ငံ ဒိုဟာမြို့တွင် ဒီဇင်ဘာ ၁ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ကြသည်။ (ကြေးမုံ)

အငယ်တန်းစနူကာပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် လမ်းမတော်ပလာဇာ (သံဈေး) ဘိလိယက်နှင့်စနူကာ စင်တာတို့ ပူးပေါင်းစီစဉ်ကျင်းပမည့် အငယ်တန်းစနူကာ အားကစားပြိုင်ပွဲကို မတ် ၂၀ ရက်မှ စတင်၍ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်း၊ အမှတ် အများဆုံးထိုးသူဆု ငွေကျပ်ငါးသောင်းနှင့် ကွာတားဖိုင်နယ်တက်ရောက်သူ ငါးဦးအား တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီ ချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲကာလအတွင်း ပျော်ရွှင်ဖွယ်ရာ ရင်ခုန်အားကစားနည်းပြိုင်ပွဲကို နေ့စဉ်ကျင်းပပြီး အထူးဆုများချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသူ အားကစားသမားများသည် မတ် ၁၈ ရက် နောက်ဆုံးထား၍ လမ်းမတော်ပလာဇာ (သံဈေး) တတိယထပ် ရန်ကုန်မြို့ ဖုန်း–၃၇၉၈၉၁ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် မတ် ၁၂

ကိုတင်ထွေးမြင့်သည် ကစားဖော်များဖြစ်ကြသော ကိုမြတ်ထွန်း၊ ကိုစိုးနိုင်၊ ကိုသန်းတင်တို့နှင့်အတူ မတ် ၄ ရက် နံနက် ၆ နာရီခွဲက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း(မြကန်သာ)၌ ဂေါက်သီးရိုက်ကစားစဉ် Blue 90 ဘောလုံးကို Taylor Made PW သံတုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၂၀ အကွာအဝေးတွင်ရှိသော ကျင်းအမှတ် ၁၁ သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသိရသည်။ (ကြေးမုံ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၁၁)ဖြန့်ချိ

ရန်ကုန် မတ် ၁၂

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ် (၁၁)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ မြန်မာနှင့်အိန္ဒိယတို့အကြား ဂြိုဟ်တုဆက်သွယ်ရေး၊ စွမ်းအင်နှင့်ဗုဒ္ဓစာပေဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး၊ နောက်ဆုံးပေါ် စက်ရုပ်လက်မောင်းနည်းပညာဖြင့် မြန်မာနိုင်ငံ မှ နှလုံးရောဂါဝေဒနာရှင်နှစ်ဦး ခွဲစိတ် ကုသအောင်မြင်၊ ခရီးသည်များလာပါက ပျဉ်းမနားရထားသစ် တိုးချဲ့ပေးမည် စသည့် ပြည်တွင်းရေးရာသတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ကြွက်မွေးမြူရေး ကုမ္ပဏီများ ဒေါ်လာသန်းချီ စီးပွားဖြစ်၊ လက်ကိုင်ဖုန်းများမှ ဓာတ်ရောင်ခြည် လူကိုအန္တရာယ်ဖြစ်စေသလား၊ သီရိလင်္ကာနိုင်ငံစံတော်ချိန် မူလအတိုင်း ပြန်ပြောင်းမည် စသည့် နိုင်ငံတကာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ အားကစား၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဖျော်ဖြေရေးကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House ဖုန်း–၅၀၀၇၂၁ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။ (က–ပ)

ကျေးလက်တံတား

မတ် ၉ရက်က မုဒုံမြို့နယ် စည်ပင်သာယာရေးမှ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော မုဒုံ–ကော့ပရံကျေးရွာဆက်လမ်းပေါ်ရှိ အုတ်ခုံကွန်ကရစ် တံတားတည်ဆောက်ခြင်းလုပ်ငန်းကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးနိုင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖွင့်လှစ်

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ဘုရင့်နောင်ရပ်ကွက် အလင်းရိပ် စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အောင်၊ ပြန်/ဆက်ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ဦးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်မြင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)

ဝိပဿနာတရားစခန်း ဟောပြောပို့ချမည်

ရန်ကုန် မတ် ၁၂

မြတ်ဗုဒ္ဓ၏ ပဋိပတ်အကျင့်မြတ် တရားတော်များကို ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ် ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ–အံ့ကြီး)က ပုဇွန်တောင်မြို့နယ် (၇)ရပ်ကွက် လိပ်ကန်လမ်းရှိ အိုးဘိုဓမ္မာရုံတွင် မတ် ၁၅ ရက်မှ ၂၁ ရက်အထိ ညနေ ၆နာရီခွဲမှ ၈ နာရီအထိလည်းကောင်း၊ ကျောက်တံတားမြို့နယ် (၃၈) လမ်း၊ အလယ်ဘလောက်ရှိ မင်္ဂလာဓမ္မာရုံတွင် မတ် ၂၃ ရက်မှ ၂၉ ရက်အထိ ညနေ ၆ နာရီမှ ၇ နာရီခွဲ အထိလည်းကောင်း၊ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံတွင် ဧပြီ ၁ ရက်မှ ၇ ရက်အထိ ညနေ ၆ နာရီမှ ၇ နာရီခွဲအထိလည်းကောင်း ကိုယ်တွေ့ဉာဏ်မြင် ခန္ဓာဉာဏ်ရောက် ဟောပြောပို့ချမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

အလုံမြို့နယ် အမက (၃)ကျောင်း မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ် ၁၁ ရက်ကကျင်းပရာ စတုတ္ထတန်းမှ မဝင့်ထက်ထက်မိုဃ်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးခင် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (ပညာရေး)

ဆက်ကပ် လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ် လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

* ရှေ့ဖုံးမှ

ဒုတိယဝန်ကြီးများ၊ တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရအား သင်္ကန်း၊ သပိတ် အစရှိသော ပရိက္ခရာလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❋

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ပြည်ပဘွဲ့ခံ ဆရာတော်များ၊ သီလရှင်များ ရောက်ရှိ

ရန်ကုန် မတ် ၁၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားသို့ ကြွရောက်တော်မူရန် သီရိလင်္ကာနိုင်ငံ၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ နီပေါနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ဆရာတော်များနှင့် သီလရှင်ဆရာကြီးများသည် ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ကြွရောက်တော်မူလာကြသည်။

ကြိုဆိုဖူးမြော်

အဆိုပါ ဆရာတော်များနှင့် သီလရှင်ဆရာကြီးများအား အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ ရန်ကုန်မြို့ရှိ သက်ဆိုင်ရာနိုင်ငံ သံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုဖူးမြော်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)